# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၃၀၈)၊ ၁၃၈၇ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက် ၊ ၁၁-၁၀-၂၀၂၅၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)အနီး တည်ဆောက်လျက်ရှိသည့် Shopping Complex လုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့သားကောင်းအဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(လေးထောင့်ကန်)နှင့် Shopping Complex တည်ဆောက်ရေးလုပ်ငန်းခွင်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး

စာမျက်နှာ ၃ သို့ ☆

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၀**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၇ ပေခန့် ရှိနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

လာမည့် စနေ၊ တနင်္ဂနွေအားလပ်ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

မိုး/ဇလ

၂၀၂၅ ခုနှစ် ၊ အောက်တိုဘာ ၁၁ ရက်၊ စနေနေ့။

မန္တလေး

## အများပြည်သူကို ခေတ်မီစာပို့တိုက် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

မြန်မာနိုင်ငံ၏ စာတိုက်ဝန်ဆောင်မှုလုပ်ငန်းအား ခေတ်မီစာပို့တိုက်ဝန်ဆောင်မှုဖြင့် ပြုပြင်ပြောင်းလဲလာပြီး နိုင်ငံ၏ နေ့ထူးနေ့မြတ်များနှင့် အထိမ်းအမှတ်များအတွက် အထူးထုတ် တံဆိပ်ခေါင်းများ ထုတ်ဝေခဲ့သည်။ ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (Universal Postal Union-UPU)ကို စတင်တည်ထောင်ခဲ့သည့် အောက်တိုဘာ ၉ ရက်ကို ဂုဏ်ပြုသည့်အနေဖြင့် (၁၅၁)နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့အခမ်းအနားကျင်းပခဲ့သည်။ ယခုနှစ် အခမ်းအနားအတွက် ဆောင်ပုဒ်ကို #POSTFORPEOPLE: Local Service. Global Reach.(ပြည်သူများအတွက် စာပို့တိုက်-ပြည်တွင်းဝန်ဆောင်မှုမှသည် ကမ္ဘာတစ်ဝန်းဆီ)ဟု ယူပီယူမှ ရွေးချယ်သတ်မှတ်ထားခြင်းဖြစ်သည်။ အဆိုပါဆောင်ပုဒ်သည် ပြည်သူလူထုအတွက် မြို့ပြမှ ကျေးလက်တောရွာမကျန် စာပို့တိုက်ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်းမှတစ်ဆင့် ကမ္ဘာလုံးဆိုင်ရာ ဆက်သွယ်ချိတ်ဆက်မှုအတွက်လည်း စာပို့တိုက်ဝန်ဆောင်မှုကဏ္ဍသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ထမ်းဆောင်နေသည်ကို ဖော်ပြထားခြင်းဖြစ်သည်။ ပြည်သူများအပါအဝင် နိုင်ငံတော်နှင့် ကမ္ဘာတစ်ဝန်းလုံးအတွက် ဆက်လက်လုပ်ဆောင်သင့်သည့် မျှော်မှန်းလမ်းညွှန်ချက်တစ်ခုလည်းဖြစ်သည်။ (၁၅၁)နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ် အခမ်းအနားကို နေပြည်တော်ရှိပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက အမှာစကားပြောကြားရာတွင် ယခုနှစ်ကမ္ဘာ့စာပို့တိုက်နေ့၏ ဆောင်ပုဒ်သည် မြန်မာ့စာတိုက်လုပ်ငန်း၏ ရည်မှန်းချက်ဖြစ်သည့် လူတိုင်းအတွက် မြန်မာ့စာတိုက်(Myanmar Post for Everyone)နှင့်လည်း ကိုက်ညီလျက်ရှိနေကြောင်း၊ ယူပီယူ၏ State of the Postal Sector 2024 အစီရင်ခံစာတွင် စာပို့တိုက်လုပ်ငန်းများအနေဖြင့် သမားရိုးကျစာပို့တိုက်ဝန်ဆောင်မှုများအပေါ်တွင်သာ မှီခိုအားထားနေခြင်းမပြုဘဲ ဒစ်ဂျစ်တယ်နည်းပညာတွေကို အသုံးပြုဆောင်ရွက်၍ ခေတ်နဲ့လျော်ညီအောင် ပြုပြင်ပြောင်းလဲပြီး နိုင်ငံတကာဈေးကွက်သို့ အောင်မြင်စွာချိတ်ဆက်နိုင်မှသာ အနာဂတ်တွင် ကြံ့ကြံ့ခံနိုင်ပြီး ပြန်လည်ရှင်သန်ဦးမော့လာနိုင်မည်ဖြစ်ကြောင်းနှင့် မကြာသေးမီက ကျင်းပပြုလုပ်ခဲ့သည့် (၂၈)ကြိမ်မြောက် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (ယူပီယူ)ကွန်ဂရက်မှ ချမှတ် ဆောင်ရွက်ခဲ့သည့် Development Strategy များ၊ သဘောတူညီချက်များနှင့် နိုင်ငံတကာမှ စာပို့တိုက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ နည်းပညာတိုးတက်မှုများကို စာပို့တိုက်ကဏ္ဍ ကြီးကြပ်ဆောင်ရွက်သူ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူ၊ မြန်မာ့စာတိုက်လုပ်ငန်းတို့မှ မျက်ခြည်မပြတ် လေ့လာစောင့်ကြည့်၍ မိမိတို့နိုင်ငံ၏ စာပို့တိုက်ကဏ္ဍ ပြန်လည်ဦးမော့လာနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံအခြေစိုက် ကမ္ဘာ့စာပို့တိုက်သမဂ္ဂဌာနချုပ် (UPU) ညွှန်ကြားရေးမှူးချုပ်ထံမှ ပေးပို့လာသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့သဝဏ်လွှာ Video Clip နှင့် ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ် မှတ်တမ်း Video Clip များကို ပြသသည်။ အများပြည်သူကို ဝန်ဆောင်မှုပေးနေသည့် စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်းများကို ပြည်သူများသိရှိနားလည်ပြီး အနာဂတ်လူ့အဖွဲ့အစည်းအတွက် တန်ဖိုးရှိလာစေရန် ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ်အခမ်းအနားကို ကျင်းပခြင်းဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှု လက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ခရိုင်အဆင့် Grade-12 ကျောင်းသား၊ ကျောင်းသူများအား ဘာသာရပ်ဆိုင်ရာ မိတ်ဆက်ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၀**

မဟာအောင်မြေခရိုင်အတွင်းရှိ Grade-12 ကျောင်းသား၊ ကျောင်းသူများအား ဘာသာရပ်ဆိုင်ရာ မိတ်ဆက်ပွဲအခမ်းအနားကို ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄)အခြေခံပညာ အထက်တန်းကျောင်း၌ ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ မန္တလေးအဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်သန့်ဇင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မန္တလေးအဝေးသင်တက္ကသိုလ်မှ ပါမောက္ခ(ဌာနမှူး)များက ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများကို ခရိုင်အတွင်းရှိ Grade-12 ကျောင်းသား၊ ကျောင်းသူများအား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ဘာသာရပ်ဆိုင်ရာ မိတ်ဆက်ပွဲအခမ်းအနားသို့ မန္တလေးအဝေးသင်တက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာ ခင်သန့်ဇင်နှင့် ပါမောက္ခဌာနမှူးများ၊ ခရိုင်ပညာရေးမှူး ဒေါက်တာ သက်လှစုနှင့် မြို့နယ်ပညာရေးမှူးများ၊ ခရိုင်အတွင်းရှိ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ၊ဆရာမများ၊ ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့မှ Grade- 12 ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ ထန်းတပင်ရပ်၊ လမ်းငါးခွ၊ စစ်ကိုင်း-မန္တလေးလမ်း အရှေ့ဘက်တို့တွင် လည်းကောင်း ရောင်းချပေးခဲ့သည်။




သက်သာဈေးရောင်းချမည့် အစီအစဉ်များကို စနေ ၊တနင်္ဂနွေ ရုံးပိတ်ရက်များတွင် ရပ်နားထားပြီး ရုံးဖွင့်ရက်များတွင် ပုံမှန်ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

ဝ-ဝ-ဝ-ဝ-ဝ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## မြန်မာ့သားကောင်းအဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာ(လေးထောင့်ကန်)အား ရန်ကုန်မြို့တော်ဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် စံပြအိမ်ရာတစ်ခုအဖြစ် ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်း အိမ်ရာ (လေးထောင့်ကန်) တည်ဆောက်မှုအခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

☆ **ရှေ့ဖုံးမှ**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ မြန်မာ့သားကောင်း အဆင့်မြင့် စစ်မှုထမ်းဟောင်း အိမ်ရာ (လေးထောင့်ကန်)သို့သွားရောက်၍ အဆောက်အအုံများ ထပ်မံတိုးချဲ့ ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)သို့ ရောက်ရှိကြရာ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ မြန်မာ့သားကောင်း စစ်မှုထမ်းဟောင်း အိမ်ရာဝင်းအတွင်း အသုံးပြုနိုင်ရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး Solar Plant တည်ဆောက်သွားမည့် အခြေအနေများ၊ ထပ်မံတိုးချဲ့ ဆောက်လုပ်လျက် ရှိသည့် အဆောက်အအုံများအား သတ်မှတ်ချိန်အတွင်း ပြီးစီးရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများ၊ အိမ်ရာအတွင်းရှိ ရေမြောင်းများအား အုတ်စီရေမြောင်းများအဖြစ် ပြုပြင်ဆောင်ရွက်ပြီး ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)အား ရန်ကုန်မြို့တော်ဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် စံပြအိမ်ရာတစ်ခုအဖြစ် ရည်မှန်းဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ အိမ်ရာအတွင်း ရေမြောင်းများအား ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်ရာတွင် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန်နှင့် ပိတ်ဆို့မှုများမရှိစေရေး စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ အိမ်ရာဝင်းအတွင်းရှိ လမ်းများအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးသွားရန်လိုကြောင်း၊ အိမ်ရာအတွက် လိုအပ်သည့် စာသင်ကျောင်းနှင့် ရေ၊ မီးလိုအပ်ချက်များကိုလည်း ထပ်မံဖြည့်ဆည်း ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ အိမ်ရာအတွင်းနေထိုင်သည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များ၏ စားရေးကို အထောက်အကူပြုစေရန်အတွက် မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ အရိပ်ရလေကာပင်များကိုလည်း စနစ်တကျ ဆက်လက်စိုက်ပျိုးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်းအိမ်ရာအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးပြီး အိမ်ရာတွင် နေထိုင်လျက်ရှိသည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာ့သားကောင်း အဆင့်မြင့် စစ်မှုထမ်းဟောင်း အိမ်ရာ (လေးထောင့်ကန်) အနီး ဘုရင့်နောင်လမ်းနှင့် အမှတ်(၇) လမ်းထောင့်နေရာတွင် တည်ဆောက်လျက်ရှိသည့် Shopping Complex လုပ်ငန်းခွင်သို့ ရောက်ရှိ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ သင်္ဃန်းကျွန်းမြို့နယ်၊ သာကေတမြို့နယ်၊ တာမွေမြို့နယ်၊ ဗဟန်းမြို့နယ်၊ ဒဂုံမြို့နယ်၊ ကမာရွတ်မြို့နယ်တို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လမ်းဘေးဝဲ/ယာရှိ ဈေးဆိုင်များ စနစ်တကျဖြင့် ရောင်းချနိုင်ရေး သတ်မှတ်စည်းကမ်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်သွားရန်၊ ရန်ကုန်မြို့အတွင်း ရေစီးရေလာများကောင်းမွန်စေရေးနှင့် ရေထုတ်စနစ်များကောင်းမွန်စေရေး ဆောင်ရွက်သွားရန်၊ Green Zone များအား စနစ်တကျ ဖော်ဆောင်သွားရန်နှင့် လမ်းများအား လမ်းအင်္ဂါရပ်များနှင့်အညီဖြစ်စေရေး ဆောင်ရွက်သွားရန်၊ အဆောက်အအုံများအား သန့်ရှင်းသပ်ရပ်တောက်ပြောင်မှုရှိနေစေရေး ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

☆ **အိမ်ရာအတွင်းရေမြောင်းများအား ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ရာတွင် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန်နှင့် ပိတ်ဆို့မှုများမရှိစေရေး စနစ်တကျ ဆောင်ရွက်သွားရန်လို**

☆ **အိမ်ရာအတွက် လိုအပ်သည့် စာသင်ကျောင်းနှင့် ရေ၊ မီးလိုအပ်ချက်များကိုလည်း ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးသွားရမည်**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Controller အသုံးပြု၍ ကွန်ကရစ်သွန်းလောင်း တံတားဆက်ခြင်း ဆောင်ရွက်ပေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး(ဒလ)တံတား ကွန်ကရစ်သွန်းလောင်းတံတားဆက်ခြင်း မဟာမင်္ဂလာအခမ်းအနား တက်ရောက်ချီးမြှင့်

**နေပြည်တော် အောက်တိုဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး(ဒလ) တံတား ကွန်ကရစ်သွန်းလောင်း တံတားဆက်ခြင်း မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး Controller အသုံးပြု၍ ကွန်ကရစ်လောင်း တံတား ဆက်ခြင်းအား ဆောင်ရွက်ပေးသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမြထွန်းဦး၊ ဒေါက်တာ ချာလီသန်းနှင့် ဦးမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကွန်ကရစ်သွန်းလောင်း တံတားဆက်ခြင်း မဟာမင်္ဂလာအခမ်းအနား ပြုလုပ်မည့်နေရာသို့ ရောက်ရှိကြရာ ပြည်ထောင်စု ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး (ဒလ) တံတားစီမံကိန်းနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းပြောကြား

ထို့နောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ အခမ်းအနားမှူးက မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး (ဒလ) တံတားနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး (ဒလ)တံတားစီမံကိန်းနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြစဉ်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး (ဒလ) တံတား တည်ဆောက်ရေးစီမံကိန်းတွင် ပါဝင်ခဲ့သည့် အင်ဂျင်နီယာအဖွဲ့များအား သစ်သီးခြင်း လက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ မင်္ဂလာအချိန်တွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး (ဒလ) တံတားဆက်ခြင်း မဟာမင်္ဂလာအခမ်းအနားကိုစက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး Controller အသုံးပြု၍ ကွန်ကရစ်သွန်းလောင်း တံတားဆက်ခြင်းကို ဆောင်ရွက်ပေးသည်။ ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကွန်ကရစ်သွန်းလောင်း တံတားဆက်ထားသည့် နေရာအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး (ဒလ)တံတား ကွန်ကရစ်သွန်းလောင်း တံတားဆက်ခြင်းအထိမ်းအမှတ် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး (ဒလ)တံတား တည်ဆောက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားသည်။

စာမျက်နှာ ၅ သို့

**✪ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားမှာ သံမဏိကြိုးဆိုင်း တံတား Cable-Stayed Bridge အမျိုးအစားဖြစ်ပြီး လေးလမ်းသွား တံတားဖြစ်ကြောင်း၊ ပင်မတံတား အရှည်မှာ ၂၂၆၄ ပေ၊ ရန်ကုန်ဘက် ချဉ်းကပ်တံတား အရှည်မှာ ၁၈၉၁ ပေ၊ ဒလဘက်ကမ်းချဉ်းကပ်တံတား အရှည်မှာ ၁၉၇၂ ပေ၊ ရန်ကုန်ဘက်ကမ်းနှင့် ဒလဘက်ကမ်းချဉ်းကပ် လမ်းအရှည်မှာ ၃၄၅၃ ပေဖြစ်ပြီး တံတားတစ်စင်းလုံး၏ စုစုပေါင်း အရှည်မှာ ၆၁၂၇ ပေဖြစ်**

☆ စာမျက်နှာ ၄ မှ

အဆိုပါ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတား တည်ဆောက်ရေး စီမံကိန်းကို ၂၀၁၂ ခုနှစ် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ကိုရီးယားနိုင်ငံ ချစ်ကြည်ရေး ခရီးစဉ်အတွင်း မြန်မာနိုင်ငံ၌ မြန်မာ - ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး စီမံကိန်းတစ်ခု အကောင်အထည် ဖော်ဆောင်ရွက်ရန်ဆွေးနွေးခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် စီမံကိန်းအား စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ်တွင် တည်ဆောက်ရေး လုပ်ငန်းများ စတင်နိုင်ရန်အတွက် အကြို အင်ဂျင်နီယာလုပ်ငန်းများ၊ ပုံစံ ထုတ်ခြင်းလုပ်ငန်းများကို စတင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တံတားတည်ဆောက်စဉ် ကာလ အတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားခြင်းနှင့် နှောင့်နှေးတွေ့ကြုံ ခဲ့ရသည့် လုပ်ငန်းအခက်အခဲများ ကို လက်ရှိအစိုးရအနေဖြင့် နိုင်ငံတော် တာဝန်ယူထားသည့် အချိန်တွင် တံတားတည်ဆောက် ရေးလုပ်ငန်းပြီးစီးရန် နိုင်ငံတော် ဘဏ္ဍာငွေ ဖြည့်တင်းဆောင်ရွက် နိုင်ခဲ့သဖြင့် လုပ်ငန်းပြီးစီးခဲ့ခြင်း ဖြစ်ကြောင်း၊ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတားမှာ သံမဏိကြိုးဆိုင်းတံတား Cable-Stayed Bridge အမျိုးအစားဖြစ် ပြီး လေးလမ်းသွား တံတားဖြစ် ကြောင်း၊ ပင်မတံတားအရှည်မှာ ၂၂၆၄ ပေ၊ ရန်ကုန်ဘက်ချဉ်းကပ် တံတား အရှည်မှာ ၁၈၉၁ ပေ၊ ဒလဘက်ကမ်း ချဉ်းကပ်တံတား အရှည်မှာ ၁၉၇၂ ပေ၊ ရန်ကုန် ဘက်ကမ်းနှင့် ဒလဘက်ကမ်း ချဉ်းကပ် လမ်းအရှည်မှာ ၃၄၅၃ ပေဖြစ်ပြီး တံတားတစ်စင်းလုံး၏ စုစုပေါင်းအရှည်မှာ ၆၁၂၇ ပေ ဖြစ်ကြောင်း။

မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတားသည် မြန်မာနိုင်ငံရှိ တည်ဆောက်ပြီးစီးခဲ့သည့် သံမဏိ ကြိုးဆိုင်း တံတားများအနက် ရေလမ်းကင်းလွတ် အမြင့်ဆုံး တံတားဖြစ်ပြီး တံတားအောက်မှ တန်ချိန် ၁၅၀၀၀ ရှိသည့် နိုင်ငံ တကာ ပင်လယ်ကူးသင်္ဘောကြီး များနှင့် ပြည်တွင်းရေကြောင်းသွား သင်္ဘောကြီးများ ဖြတ်သန်းအသုံး ပြုနိုင်ရန် တံတားကင်းလွတ် အမြင့်ပေ ၁၆၀၊ အကျယ် ပေ ၉၉၀ ရှိကြောင်း၊ တံတား၏ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်ပြီး မြန်မာအင်ဂျင်နီယာများအနေဖြင့် သံမဏိကြိုးဆိုင်းတံတားဆိုင်ရာ ပုံစံထုတ်ခြင်း၊ တည်ဆောက်ခြင်း၊ ခေတ်မီနည်းပညာများ၊ နည်းစနစ် များနှင့် အတွေ့အကြုံများကိုရရှိခဲ့ ကြောင်း၊ ယခုတံတားကြီး အချော သပ်တည်ဆောက်ပြီးစီး ဖွင့်လှစ် ခဲ့ပါက ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့မှ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များသို့ လည်း ကောင်း၊ ဒေးဒရဲမှတစ်ဆင့် ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေးမြို့နှင့် ကမ်းခြေ ဒေသများအပါအဝင် ဧရာဝတီ တိုင်းဒေသကြီးအတွင်းရှိ မြို့များ သို့လည်းကောင်း လွယ်ကူ လျင်မြန်စွာ သွားလာနိုင်မည်ဖြစ် ပြီး လက်ရှိဖြစ်ပေါ်နေသည့် ရန်ကုန်မြို့ ယာဉ်ကြောပိတ်ဆို့မှု များသည်လည်း အတိုင်းအတာ တစ်ခုအထိ လျော့ပါးသက်သာ သွားစေမည်ဖြစ်ကြောင်း၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး နှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအပါအဝင် ကဏ္ဍ ပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်လာပြီး ရန်ကုန်မြို့၏ အထင်ကရပြယုဂ် (Landmark)တစ်ခုလည်းဖြစ်လာ မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး(ဒလ) တံတားတည်ဆောက်ရေးစီမံကိန်းတွင်ပါဝင်ခဲ့သည့် အင်ဂျင်နီယာအဖွဲ့များအား သစ်သီးခြင်း လက်ဆောင် ပေးအပ်စဉ်။

# ကျောက်မဲမြို့ ပြန်လည်ထူထောင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု သွားရောက်ကြည့်ရှု

## ဒေသခံတိုင်းရင်းသားပြည်သူများအား တွေ့ဆုံ၊ ထောက်ပံ့ပစ္စည်းများပေးအပ်

နေပြည်တော် အောက်တိုဘာ ၁၀

TNLA၊ DPLA နှင့် MDY -PDF အမည်ခံ အကြမ်းဖက် သမားများသည် ဒေသတွင်း လမ်းပန်းဆက်သွယ်ရေး နှောင့်နှေးစေရန်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ များ နိမ့်ကျပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ကျောက်မဲ ခရိုင်အတွင်းရှိ ဂုတ်တွင်းတံတားကို မိုင်းခွဲဖျက်ဆီး ခဲ့သဖြင့် တပ်မတော်မှ စစ်မြေပြင်အင်ဂျင်နီယာတပ်ဖွဲ့ ဝင်များက အလျားပေ ၁၅၀၊ အကျယ် ၁၈ ပေရှိ ယာယီသံပေါင် ဘေလီတံတားသစ်ကို တည်ဆောက် ၍ သွားလာမှုများ အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ပေးခဲ့သည်။

### ကြည့်ရှုစစ်ဆေး

အဆိုပါ အကြမ်းဖက်သမားများဖျက်ဆီးခဲ့သည့် ဂုတ်တွင်းတံတားကို ပြန်လည်ပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက အဆိုပါ တံတားပျက်စီးသည့် နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူ များအား တံတားပြန်လည်ပြုပြင်မှုနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ရှေ့တန်းရောက်တပ်မတော်သားများ အတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ကျောက်မဲ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပြည်နယ် ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ဇော်မင်းလတ်တို့က ပေးအပ်ရာ တာဝန်ရှိသူ များက လက်ခံရယူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေး ခန်းမ၌ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ကျောက်မဲ မြို့ ပြန်လည်ထူထောင်ရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပသည်။



### အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေး

အစည်းအဝေးတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ် ဇော်မင်းလတ်တို့က အမှာစကားပြောကြားပြီး တက်ရောက်လာသည့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေး တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည် များ ဖြည့်စွက်ဆွေးနွေးပြောကြားသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောက်မဲမြို့ ကျက်သရေဆောင်ခန်းမ၌ ဒေသခံ ပြည်သူလူထုနှင့်တွေ့ဆုံ အမှာစကားပြောကြားပြီး ဒေသခံတိုင်းရင်းသား ပြည်သူများအတွက် ရှမ်း ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် အခြေခံ စားသောက်ကုန်များကိုထောက်ပံ့ပေးအပ်ရာ ဒေသခံ တိုင်းရင်းသားပြည်သူများက အသီးသီးလက်ခံရယူ ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ သည် ကျောက်မဲမြို့ အမှတ်(၁)အခြေခံပညာအထက် တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား ငါးမျိုးစပ်ကာကွယ်ဆေး၊ ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေး၊ ပိုလီယိုရောဂါ ကာကွယ်ဆေးထိုးနှံ နေမှုနှင့် ကျောင်းသား ကျောင်းသူများ၏ ပညာ သင်ကြားနေမှုကို လှည့်လည်ကြည့်ရှု၍ ဆရာ ဆရာမ များအား ပြည်နယ်ဝန်ကြီးချုပ်က ချီးမြှင့်ငွေပေးအပ် သည်။

ယင်းနောက် ကျောက်မဲမြို့ ကွန်ဖြူးရှပ် တရုတ်စာသင်ကျောင်း၌ ယာယီရုံးဖွင့်လှစ်ထားသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာနက ပြည်သူများအား ပန်းခင်းစီမံချက်(၃) အိမ်ထောင်စုဇယား၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးနေမှုများကို လည်းကောင်း၊ ဆောက်လုပ်ရေးဦးစီးဌာနရှိ ပျက်စီးသွားသည့် ဧည့်ရိပ်သာသို့လည်းကောင်း သွားရောက်ကြည့်ရှု၍ လိုအပ်သည်များမှာကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျောက်မဲ မြို့ ဗဟိုဈေးသို့သွားရောက်၍ ဈေးရောင်းချနေသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကားပြောကြားပြီး ဈေးအတွင်း လှည့်လည် ကြည့်ရှုကြသည်။

### လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန် ရှိသူများသည် ကျောက်မဲမြို့ လာဘမုနိတရုတ် ဘုံကျောင်းတွင် ဖွင့်လှစ်ထားရှိသည့် ယာယီဆေးရုံ၌ ဆေးကုသမှုခံယူနေကြသော ပြည်သူများအား သွားရောက်ကြည့်ရှု၍ အာဟာရဖြည့်ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကမ္ဘောဇရှမ်းကျောင်း ကျောင်းတိုက်သို့သွားရောက်၍သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ သည် မီးသတ်ဝန်ထမ်းအိမ်ရာနှင့် မြို့မရဲစခန်းတို့သို့ သွားရောက်၍ ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးပြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ အတွက် ချီးမြှင့်ငွေပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိ သူများသည် ကျောက်မဲမြို့ တရားရေးဦးစီးဌာနနှင့် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားပြီး ကျောက်မဲမြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးဌာနက သန့်ရှင်းဆောင် ရွက်နေမှုတို့ကို ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိ သူများသည် နောင်ချိုမြို့၊ မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန၌ ဌာနဆိုင်ရာများနှင့်တွေ့ဆုံ အမှာ စကားပြောကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက် များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ




ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အခြေခံပညာ (၁၀ – ၁၅) အမျိုးသမီး စောင်းအတီးပြိုင်ပွဲ ကြည့်ရှုအားပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁၀ ၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲစတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းမှစတင်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာများတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပလျက်ရှိသည်။

**အချိုးအဆစ်ညီညာကပြ**

ယနေ့နံနက်ပိုင်းတွင် **တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာ အကပြိုင်ပွဲ အလွတ်တန်းအဆင့်ကို** ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်မှ သာယာလှပ မွန်ဒေသယိမ်းအကအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ ကျေးလက်သဘာဝ၊ ကျေးလက်အလှအကအဖွဲ့၊ ကချင်ပြည်နယ်မှ လော်ဝေါ်ရိုးရာအကအဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှ ကရင်တိုင်းရင်းသားရိုးရာအိုးစည်နှင့် ယိမ်းအကအဖွဲ့၊ ကရင်ပြည်နယ်မှ ကရင်ယဉ်ကျေးမှုရိုးရာ ဒုံးအကအဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးမှ ထားဝယ်ရိုးရာရေအိုးရွက်အကအဖွဲ့၊ ရခိုင်ပြည်နယ်မှ ရခိုင်ရိုးရာ သျှိုင်ဒိုင်အကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မန်းအညာမြေအကအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်စိုးမင်းသူနှင့်အဖွဲ့၊ ချင်းပြည်နယ်မှ တီးတိန်ရှောင်စောင်းအကအဖွဲ့၊ မကွေးတိုင်းဒေသကြီးမှ တောင်းဆုပန်ခြွေ ကျေးလက်မြေ အကအဖွဲ့၊ ရှမ်းပြည်နယ်မှ ဓနုတိုင်းရင်းသားအကအဖွဲ့၊ ကယားပြည်နယ်မှ မောင်ပြည့်ဖြိုးဟိန်းနှင့်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးမှ တို့ဘိုးဘွားအမွေရေမြေ အကအဖွဲ့တို့က တိုင်းရင်းသားနှင့် ကျေးလက်ရိုးရာဓလေ့စရိုက်များ ပေါ်လွင်စေမည့် အကအလှများဖြင့် အဖွဲ့လိုက် အချိုးအဆစ်ညီညာပြေပြစ်ရသမြောက်စွာ ကပြယှဉ်ပြိုင်ကြသည်။

**သီဆိုယှဉ်ပြိုင်**

မွန်းလွဲပိုင်းတွင် **"အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး" တေးသီချင်း အဆိုပြိုင်ပွဲကို** ဆက်လက်ကျင်းပရာ အဆင့်မြင့်ပညာအဆင့်အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကျွန်ုပ်တို့မြန်မာပြည်" သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့်အမျိုးသမီးပြိုင်ပွဲတွင်** စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက"ထာဝရငြိမ်းချမ်းရေး" သီချင်းဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**ငြိမ့်ညောင်းသာယာစွာတီးခတ်**

ထို့အတူ **စောင်းအတီးပြိုင်ပွဲကို** အမျိုးသားပြတိုက် (နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှပြိုင်ပွဲဝင်များက "စောင်းတော်သိင်္ဂါ (ကြိုး)" သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ပြောင်ပြောင်ပြောင်နာဂိန်(ကြိုး)" သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ရခိုင်ပြည်နယ်၊မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ဘုန်းမိုးသွန်းလောင်း (သီချင်းခံ)" သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။




တပ်မတော်အရာရှိကြီးများ တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာအက ယှဉ်ပြိုင်မှုအား ကြည့်ရှုအားပေးစဉ်။

**တီးခတ်ယှဉ်ပြိုင်**

ထို့ပြင် ပတ္တလားအတီးပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သောင်းသောင်းညံ(ယိုးဒယား)" သီချင်းဖြင့်လည်းကောင်း၊ **စာမျက်နှာ ၇ သို့**



အခြေခံပညာ(၁၅–၂၀) အမျိုးသမီးဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုအဖွဲ့ ယှဉ်ပြိုင်စဉ်။



တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာအကပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုအဖွဲ့ ယှဉ်ပြိုင်စဉ်။

စာမျက်နှာ ၆ မှ

အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သောင်းသောင်းညံ (ယိုးဒယား)" သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မှန်ညောင်သဥ္စာ (ဝတ်တော်ရုံ)" သီချင်းဖြင့် လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။





အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲ ကြည့်ရှုအားပေးစဉ်။

### တီးခတ်ယှဉ်ပြိုင်

ထို့အတူ **စန္ဒရားအတီးပြိုင်ပွဲကို** သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမဦကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင်** ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"တောနှင့်တောင်စွယ် (ယိုးဒယား)"** သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင်** မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"မနက်ဖြန်(သို့မဟုတ်)ဘယ်သောအခါ (ကာလပေါ်)"** သီချင်းဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင်** ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **"ဇမ္ဗူရောင်ကွန့်(ဘွဲ့)"** သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

အလားတူ **ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အတီးပြိုင်ပွဲကို** ပုဗ္ဗသီရိခန်းမဦကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးမှုတ်ယှဉ်ပြိုင်ကြသည်။

### ကြည့်ရှုအားပေး

ယနေ့ ပြိုင်ပွဲစတုတ္ထနေ့၌ သတ်မှတ်နေရာများတွင် ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုများကို ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်မှ အရာရှိကြီးများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ တပ်မိသားစုဝင်များ၊ ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများ လာရောက်ကြည့်ရှု အားပေးကြသည်။

ယခင်နှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဇာတိအဆင့်) ပြိုင်ပွဲတွင် အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း)၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ဘာသာရပ်အလိုက် ပြိုင်ပွဲဝင်စုစုပေါင်း ၁၅၄၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ယခုနှစ် အဆိုပါအဆင့်သုံးဆင့်အတွက် ပြိုင်ပွဲဝင် ၁၆၆၁ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့်အတွက် ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ပြိုင်ပွဲဝင်ဦးရေ တိုးတက် များပြားလာကြောင်း သိရသည်။ **သတင်းစဉ်**



အခြေခံပညာ(၁၀-၁၅) အမျိုးသား စန္ဒရားအတီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်ဟိန်းသုတ ယှဉ်ပြိုင်စဉ်။





အမျိုးဂုဏ် ဇာတိဂုဏ်မြှင့်တင်ရေး အဆင့်မြင့်ပညာအဆိုပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ မောင်မြတ်မင်းခေါင်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ မအေးသက်ထားဇော်တို့ သီဆိုယှဉ်ပြိုင်စဉ်။




အခြေခံပညာ (၁၀-၁၅) စောင်းအတီးပြိုင်ပွဲ အမျိုးသမီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ မသဒ္ဒါရွှေဖြူ ယှဉ်ပြိုင်စဉ်။




အခြေခံပညာ (၁၅-၂၀) အမျိုးသား ပတ္တလားအတီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်ကောင်းခန့်ဇော် ယှဉ်ပြိုင်စဉ်။

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**

**ရွေးကောက်ပွဲ ကျင်းပရန်**




**သာ လိုတော့သည်။**

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ ၇ ရက် ထပ်မံတိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များပြင်ဆင်ရန်ရှိပါက ပုံစံ(၄-ဂ) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ(၁၅)များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၇-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထားလျှောက်ထားနိုင်သည်။

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင်ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက်နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

# ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ဖျော်ဖြေတင်ဆက်၊ ရွှေတိဂုံဘုရားသို့ သွားရောက်ကြည်ညိုလေ့လာ





ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့ ရွှေတိဂုံဘုရားတွင် ကြည်ညိုလေ့လာစဉ်။

နေပြည်တော် အောက်တိုဘာ ၁၀

မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံ ချစ်ကြည်ရေး တိုးမြှင့်နိုင်ရန်အတွက် မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် ဘယ်လာရုစ်နိုင်ငံမှ တေးဂီတပညာရှင်နှင့် တေးရေး/တေးဆို Mr.Vladimir Sukolinsky ဦးဆောင်သည့် အဖွဲ့ဝင်လေးဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ကြည်ညိုလေ့လာကြသည်။

ဦးစွာ ဖျော်ဖြေရေးအဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ရောက်ရှိရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့်ဆီမီး ကပ်လှူပူဇော်ကြသည်။ ထို့နောက် ကျောက်စိမ်းဘုရားအား ဖူးမြော်ပြီး ဗုဒ္ဓဝင်ပြတိုက်အတွင်း ပြသထားရှိမှုအား စိတ်ပါဝင်စားစွာ အသေးစိတ်ကြည့်ရှုလေ့လာကြသည်။ ယင်းနောက် အောင်မြေတွင် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ပြီး မွေးနံထောင့်တွင် ရေသပ္ပာယ်ကြသည်။ ဆက်လက်၍ သာယာဝတီမင်း ခေါင်းလောင်းတော်အား ကြည့်ရှုလေ့လာကြပြီး အမှတ်တရပစ္စည်းအရောင်းဆိုင်တွင် အမှတ်တရပစ္စည်းများ ဝယ်ယူအားပေးကြသည်။

ညနေပိုင်းတွင် ဘယ်လာရုစ်တေးဂီတအဖွဲ့၏ တတိယမြောက် ချစ်ကြည်ရေးတေးဂီတဖျော်ဖြေပွဲကို ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ရှိ RC Hall တွင် ကျင်းပရာ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါ်မေစန်းရီ၊ ရုရှား-မြန်မာချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ၊ ရုရှားသံရုံးမှ တာဝန်ရှိသူများ၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားတွင် မြန်မာ - ရုရှားချစ်ကြည်ရေး အသင်း၏ ဒုတိယဥက္ကဋ္ဌ Mr. Alexander Ostrovsky က မိတ်ဆက်စကားပြောကြားသည်။ ထို့နောက် ဘယ်လာရုစ်နိုင်ငံမှ တေးဂီတပညာရှင်နှင့် တေးရေး/တေးဆို Mr.Vladimir Sukolinsky ဦးဆောင်၍ အဆိုရှင်များဖြစ်ကြသည့် Ms.Nadezhda Bryleva နှင့် Ms.Anzhelika Zaitseva တို့က ရုရှားနှင့် ဘယ်လာရုစ်တို့၏ ရိုးရာမေတ္တာအကြောင်း ဖွဲ့ဆိုထားသည့်တေးသီချင်း၊ ဘယ်လာရုစ်နှင့် မြန်မာ (၂၅) နှစ်ပြည့် ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ရေးဖွဲ့ထားသည့် တေးသီချင်း၊ သမိုင်းဝင်ပုဂံမြို့အကြောင်း ရေးဖွဲ့ထားသည့် တေးသီချင်း၊ ဘယ်လာရုစ်ရိုးရာ / ကာလပေါ်တေးသီချင်းများအပါအဝင် စုစုပေါင်း တေးသီချင်း ၁၇ ပုဒ်သီဆိုဖျော်ဖြေခဲ့ကြသည်။

ဖျော်ဖြေပွဲအပြီးတွင် နိုင်ငံခြားဘာသာတက္ကသိုလ်ပါမောက္ခချုပ် ဒေါ်မေစန်းရီက ကျေးဇူးတင်စကားပြောကြားပြီး ဘယ်လာရုစ်အနုပညာရှင်များအား ဂုဏ်ပြုလက်ဆောင်ခြင်း ပေးအပ်သည်။

အဆိုပါ ဖျော်ဖြေရေးအဖွဲ့သည် အောက်တိုဘာ ၅ ရက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ကြပြီး ယင်းနေ့ညပိုင်းတွင် မန္တလေးမြို့တော်ခန်းမ ဦလည်းကောင်း၊ အောက်တိုဘာ ၆ ရက်ညပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ တပ်မတော်နည်းပညာတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌လည်းကောင်း ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ရန်ကုန်မြို့နှင့် နေပြည်တော်တို့တွင် မြန်မာ-ရုရှား-ဘယ်လာရုစ် သုံးနိုင်ငံဖျော်ဖြေပွဲကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်



ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်အတွင်းရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်(၁၅) သင်တန်းဆင်းပွဲကျင်းပစဉ်။



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်းရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၅) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပစဉ်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၅) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၁၀** နိုင်ငံသားတိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေး သုံးပါးကိုစောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်း သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၅) သင်တန်းဆင်းပွဲအခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပပြုလုပ်ကြသည်။

အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။ ထို့နောက်သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ အသီးသီးပြောကြားကြပြီး သင်တန်းဆင်းထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများကသင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၅) မှ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များအားတွေ့ဆုံအမှာစကားပြောကြားပြီးရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကြသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ် စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၅)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏



ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ နယ်မြေခံသင်တန်းကျောင်းတွင်ဖွင့်လှစ်လျက်ရှိသော ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၅) သင်တန်းဆင်းပွဲအခမ်းအနားတွင် ကျောင်းအုပ်ကြီးက ဆုရရှိသည့် သင်တန်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။

စကားသံများကိုလည်း ယခုလို ကြားသိရပါသည်-

(၁) သင်တန်းကာလ ပထမပိုင်းမှာတော့ အလွန်ပင်ပန်း ခက်ခဲလွန်းပါတယ်။ တစ်ပတ်ကြာတဲ့အချိန်မှာ နေသားကျပြီးတော့ သင်တန်းနည်းပြတွေရဲ့ လေ့ကျင့်မှုတွေနဲ့အတူ အခက်အခဲတွေကို အောင်မြင်စွာ ကျော်လွှားနိုင်ပြီး သင်တန်းကိုပြီးဆုံးအောင် တက်ရောက်နိုင်ခဲ့ပါတယ်။ ဒီသင်တန်းမှာတော့ စံပြတပ်သားဆုကို ရရှိခဲ့ပါတယ်။ ဒီဆုကို ရရှိဖို့အတွက် နည်းပြတွေရဲ့ သင်ကြားပေးမှုတွေကို တစ်သဝေမတိမ်း လိုက်နာလေ့ကျင့်ပြီးတော့ ကိုယ်ကိုယ်တိုင်လည်း စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်လာရင်း တဖြည်းဖြည်းနဲ့နည်းပြတွေ၊ သင်တန်းမှူးတွေရဲ့ လေ့ကျင့်ပေးမှုတွေကို ရရှိပြီး ဒီဆုကို ရရှိခဲ့တာဖြစ်ပါတယ်။ ကျောင်းတော်ကြီးက သင်ကြားပေးလိုက်တဲ့ ဘာသာရပ်တွေကို မြေပြင်မှာ လက်တွေ့အသုံးချပြီး အမြဲတမ်းစစ်မှုထမ်းတွေဖြစ်တဲ့ ညီနောင်တွေနဲ့ အတူ



လက်တွေ့အသုံးချသွားမှာ ဖြစ်ပါတယ်။


(၂)ကျွန်တော်က ဒဂုံတက္ကသိုလ် ပထမနှစ် အဝေးသင်သမိုင်းမေဂျာနဲ့ တက်ရောက်နေတဲ့ သူတစ်ဦးဖြစ်ပါတယ်။ ကျွန်တော် ဒီပြည်သူ့စစ်မှုထမ်းသင်တန်းကို ကိုယ့်သဘောစိတ်ဆန္ဒနဲ့ ဝင်ရောက်လာခြင်းဖြစ်ပါတယ်။ ဒီပြည်သူ့စစ်မှုထမ်း သင်တန်းကိုလည်း ကျွန်တော် အလွန်တက်ချင်တဲ့အတွက်ကြောင့် ကျွန်တော်ကိုယ်တိုင်လာရောက် ဆန္ဒပြုပြီးတော့ တက်ရောက်ခြင်းဖြစ်ပါတယ်။ ဒီမှာကျတော့ စည်းစနစ်ရှိတယ်။စည်းကမ်းရှိတယ်။ နောက်ပြီး ကျွန်တော်တို့တွေ စစ်ပညာဆိုတဲ့ အတတ်ပညာကိုလည်း သင်ယူရတဲ့အချိန်အခါမှာ ကိုယ့်အတွက် အထူးအဆန်းအများကြီးဖြစ်တာပေ့ါ။ ဒီစစ်ပညာသင်ကြားပေးတဲ့အခါမှာလည်း ပင်ပန်းမှုတော့ နည်းနည်းရှိတာပေ့ါ။ ကျွန်တော်ကတော့ နိုင်ငံ့သားကောင်း တစ်ယောက်အနေနဲ့ တပ်မတော်နဲ့နိုင်ငံတော်အတွက် အကောင်းဆုံးဖြစ်အောင်ကြိုးစားသွားပါ့မယ်လို့ ကျွန်တော်ဆုံးဖြတ်ချက်ချထားပါတယ်။ နောက်တစ်ခုက နိုင်ငံတော်ကပေးအပ်တဲ့ တာဝန်တွေပြီးရင် တပ်မတော်ကပေးအပ်တဲ့တာဝန်တွေကို ကျေပွန်စွာထမ်းဆောင်သွားပါ့မယ်လို့ ကျွန်တော့်အနေနဲ့ စိတ်ဆုံးဖြတ်ချက်လည်း ချထားပါတယ်။ ဒီသင်တန်းကို နောက်ထပ် လာ



ရောက်မယ့် ညီအစ်ကိုတွေအကုန်လုံးကိုလည်း ဖိတ်ခေါ်ချင်ပါတယ်။ ဒီပြည်သူ့စစ်မှုထမ်းသင်တန်းကို တက်ရောက်ရတဲ့အတွက်ကြောင့် အကျိုးကျေးဇူးတွေလည်း အများကြီးရှိပါတယ်။ အဲဒါတွေက ဘာတွေလဲဆိုရင် ကျွန်တော်တို့အပြင်မှာ နေထိုင်မှုလူနေမှုဘဝပုံစံအတိုင်း မဟုတ်ဘဲနဲ့ လူတစ်ယောက်က စည်းစနစ်ကျကျ စည်းကမ်းတကျနဲ့ နေထိုင်တတ်သွားမယ်။ ကိုယ်လုပ်ရမယ့် အလုပ်တာဝန်တစ်ခုကို တာဝန်ယူစိတ်၊ တာဝန်ရှိစိတ်အပြည့်နဲ့ လုပ်ဆောင်နိုင်မယ်။ ကိုယ်ပိုင်အသိကိုယ်ပိုင်ဆုံးဖြတ်ဉာဏ်နဲ့ စဉ်းစားနိုင်မယ်လို့လည်း ကျွန်တော်ခံယူထားပါတယ်။ **သတင်းစဉ်**



အနောက်တောင်တိုင်းစစ်ဌာနချုပ်အတွင်းရှိ နယ်မြေခံသင်တန်းကျောင်းတွင် ဖွင့်လှစ်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၅) သင်တန်းဆင်းပွဲအခမ်းအနားတွင် ကျောင်းအုပ်ကြီးက ထူးချွန်ဆုရ သင်တန်းသားများအား တစ်ဦးချင်း ဆုများပေးအပ်ချီးမြှင့်စဉ်။



# မန္တလေးမြို့၊ နန်းမြို့တွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

**မန္တလေး အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ နန်းမြို့တွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့ နေ့လယ်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး လိုက်လံမေးမြန်း အားပေးစကားပြောကြားပြီး ဆေးရုံတက် လူနာများအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆေးရုံတွင်း လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၀၃၈)

၀-၀-၀-၀-၀

# အရှေ့တောင်အာရှ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းမှ တာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီးအတွင်း CSR လုပ်ငန်းစဉ်ဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြ

**မန္တလေး အောက်တိုဘာ ၁၀**

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် အရှေ့တောင်အာရှ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းမှ တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် တိုင်းဒေသကြီးအတွင်း လူမှုရေး တာဝန်သိမှု (CSR)လုပ်ငန်းစဉ် ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ တွေ့ဆုံရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြရာ၌ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ အရှေ့တောင်အာရှရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းတို့မှ တာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီးအတွင်း ကျောက်ပန်းတောင်းမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ ပြင်ဦးလွင်မြို့နယ်နှင့် မန္တလေးခရိုင်အတွင်းရှိ မြို့နယ်များတွင် ဘဏ္ဍာနှစ်အလိုက် (CSR)လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် CSR လုပ်ငန်းများ လျာထားစာရင်းတို့အား ရှင်းလင်းတင်ပြရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်းနှင့် ဝန်ကြီးများက သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး စည်ပင်သာယာရေးဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ အရှေ့တောင်အာရှ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)

၀-၀-၀-၀-၀



# ဆီစက်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော စားသုံးဆီများထုတ်လုပ်ရေး အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်




**မန္တလေး အောက်တိုဘာ ၁၀**

ဆီစက်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်သော စားသုံးဆီများထုတ်လုပ်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး တိုင်းဦးစီးမှူး ဦးဇေယျာဆွေနှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းဥက္ကဋ္ဌနှင့် ဆီလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးက ဒေသတွင်း ဆီစက်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမှုများမှ တစ်ဆင့် ပြည်တွင်းဆီဖူလုံမှုရရှိစေရေး၊ ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးပြည့်မီသည့် စားသုံးဆီများကို ပြည်သူများလက်ဝယ်ရောက်ရှိစေရေးစသည့် အချက်အလက်များ ပိုင်းဝန်းစဉ်းစားဆွေးနွေးနိုင်ရေး ကိစ္စရပ်များနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး တိုင်းဦးစီးမှူး ဦးဇေယျာဆွေက ဆီစက်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များ အသင်းဥက္ကဋ္ဌ ဦးဆန်းထွန်းလွင်က တိုင်းဒေသကြီးအတွင်း ဆီစက်လုပ်ငန်းများလည်ပတ်မှု အခြေအနေနှင့် ပတ်သက်၍လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မင်းမင်းသွင်က တိုင်းဒေသကြီး၏ ဆီထွက်သီးနှံတိုးတက်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဖုန်းမြတ်ကျော်က ဆီစက်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးနှင့် လိုက်နာရမည့် စည်းကမ်းများနှင့် ပတ်သက်၍လည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာရဲဘုန်းအောင်က အာဖလာတောက်ဆင်အကြောင်းသိကောင်းစရာများကိုလည်းကောင်း၊ ကုန်ပစ္စည်းစစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန့်စင်က စားသုံးဆီနှင့် အာဖလာတောက်ဆင်မှုဆိပ်နှင့် ပတ်သက်၍လည်းကောင်း၊ ကုန်ပစ္စည်းစစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ဝေရီလင်းက ကျန်းမာရေးနှင့် ညီညွတ်သော စားဆီများ ပြည်တွင်းဈေးကွက်တွင် ရရှိရေး ကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း အသီးအသီးရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးခဲ့ကြပြီးနောက် စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူးက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ နိဂုံးချုပ်အမှာစကားပြောကြားကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)

၀-၀-၀-၀-၀

၀-၀-၀



# နိုင်ငံတကာ အားကစား သတင်းများ

## ဩစတြီးယားလက်ရွေးစင်အသင်းသမိုင်းတစ်လျှောက် ဂိုးသွင်းအများဆုံးကစားသမားအဖြစ် အာနော်တိုပစ်မှတ်တမ်းဝင်

**လန်ဒန် အောက်တိုဘာ ၁၀**

တိုက်စစ်မှူး အာနော်တိုဗစ်၏ သွင်းဂိုး(၄၅ဂိုး)သည် တိုနီပေါ်စတာ၏သွင်းဂိုး (၄၄ဂိုး)အား ကျော်ဖြတ်ပြီး ဩစတြီးယားလက်ရွေးစင်အသင်းသမိုင်းတစ်လျှောက် ဂိုးသွင်းအများဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ်အဖြစ် ဩစတြီးယားအသင်းက ဆမ်မာရီနိုအသင်းကို ၁၀ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန်သွင်းဂိုးလေးဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး အာနော်တိုဗစ်သည် ဩစတြီးယားအသင်းနှင့်အတူ ၂၀၀၈မှ ၂၀၂၅ခုနှစ်အထိ ပြိုင်ပွဲပေါင်း ၁၂၈ ပွဲကစားကာ ၄၅ဂိုးထိ သွင်းယူ၍ ခြေစွမ်းပြထားသည်။

အသက်(၃၆)နှစ်အရွယ်ရှိ အာနော်တိုဗစ်က "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေအပြင် အသင်းနဲ့အတူ အောင်မြင်မှုများ ရယူနိုင်ဖို့ ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(အောက်ပုံ) (NGB)**



## နည်းပြ အာနီစလော့ကို စာချုပ်သက်တမ်းတိုးရန် လီဗာပူးအသင်းစီစဉ်

**လန်ဒန် အောက်တိုဘာ ၁၀**

လီဗာပူးအသင်းသည် အသင်းနည်းပြ အာနီစလော့ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အဆိုပါ နည်းပြသည် လီဗာပူးအသင်းအား ၂၀၂၄ခုနှစ် ဇွန် ၁ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၆၇ပွဲတွင် ၄၅ပွဲနိုင်၊ ၁၀ ပွဲသရေ၊ ၁၂ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

လီဗာပူးအသင်းထုတ်ပြန်ချက်တွင် "နည်းပြ အာနီစလော့အား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိပါပြီ။ သူဟာ အသင်းအတွက် နည်းပြကောင်းတစ်ယောက်ပါ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ"ဟု ပြောသည်။

လီဗာပူးအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၇ပွဲကစားအပြီးတွင် ရမှတ် ၁၅မှတ်ဖြင့် အဆင့် ၂နေရာတွင် ရပ်တည်ခဲ့သည်။

**(အောက်ပုံ)(NGB)**



## ၂၀၂၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များ ထွက်ပေါ်

**လန်ဒန် အောက်တိုဘာ ၁၀**

၂၀၂၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆သင်း ရှုံးထွက်အဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များ ထွက်ပေါ်လာပြီဖြစ်သည်။

၂၀၂၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် မက္ကဆီကိုနှင့် အာဂျင်တီးနား၊ စပိန်နှင့် ကိုလံဘီယာ၊ အမေရိကန်နှင့် မော်ရိုကို၊ နော်ဝေနှင့် ပြင်သစ်အသင်းတို့ အသီးသီး ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

၂၀၂၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များကို လာမည့် အောက်တိုဘာ (၁၂၊ ၁၃)ရက်များတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(ယာပုံ)**

**(NGB)**

**0-0-0-0-0**

**0-0-0-0**



## နယ်သာလန်အသင်းက မော်လ်တာအသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် အောက်တိုဘာ ၁၀**

၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ(ဥရောပဇုန်) ခြေစစ်ပွဲ အုပ်စုအဆင့်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက နယ်သာလန်အသင်းနှင့် မော်လ်တာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နယ်သာလန်အသင်းက မော်လ်တာအသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

နယ်သာလန်အသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၁၂မိနစ်နှင့် ၄၉မိနစ်တွင် ဂတ်ပို၊ ပွဲချိန် ၅၇မိနစ် ရီဂျန်ဒါ၊ ပွဲချိန် (၉၀+၃) မိနစ်တွင် ဒီပိုင်းတို့က အသီးသီး သွင်းယူပေးခဲ့သည်။

နယ်သာလန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ(ဥရောပဇုန်) ခြေစစ်ပွဲ အုပ်စုအဆင့်ပွဲစဉ်အဖြစ်လာမည့် အောက်တိုဘာ ၁၂ရက်တွင် ဖင်လန်အသင်းနှင့် ထပ်မံ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(အပေါ်ပုံ)(NGB)**

## အာမိုရင်မ်ကို သုံးနှစ်အထိ အချိန်ပေးသွားမည်ဟု ရက်ကလစ်ဖ်ပြောကြား

**လန်ဒန် အောက်တိုဘာ ၁၀**

မန်ယူအသင်းပိုင်ရှင်တစ်ဦးဖြစ်သူ ရက်ကလစ်ဖ်က မိမိတို့အသင်းအနေဖြင့် နည်းပြ အာမိုရင်မ်ကို ထုတ်ပယ်သွားမည်မဟုတ်ဘဲ နောက်ထပ်သုံးနှစ်အထိ အချိန်ထပ်ပေးသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

မန်ယူအသင်းသည် လက်ရှိအချိန် ရလဒ်များဆိုးရွားနေသော်လည်း နည်းပြ အာမိုရင်မ်ကို အချိန်ပေး ဆက်လက်စောင့်ကြည့်သွားမည်ဖြစ်သည်။

နည်းပြ အာမိုရင်မ်သည် မန်ယူအသင်းအား ၂၀၂၄ခုနှစ် နိုဝင်ဘာ ၁၁ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ပွဲ ၅၀တွင် ပွဲ ၂၀နိုင်၊ ၁၂ပွဲသရေ၊ ၁၈ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

ရက်ကလစ်ဖ်က "နည်းပြ အာမိုရင်မ်အား နောက်ထပ် သုံးနှစ်အထိ အချိန်ပေးစောင့်ကြည့်သွားမှာပါ။ သူ့အနေနဲ့ အသင်းကို အကောင်းဆုံး ပြန်လည်တည်ဆောက်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောသည်။

**(အောက်ပုံ)**

**(NGB)**





## 2025 Rolex Shanghai Masters တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Novak Djokovic တက်ရောက်

**ပေကျင်း အောက်တိုဘာ ၁၀**

တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Rolex Shanghai Masters တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ဆားဘီးယားတင်းနစ်ကစားသမား Novak Djokovic တက်ရောက်နိုင်ခဲ့ သည်။

ဆားဘီးယားတင်းနစ်ကစားသမား Novak Djokovic သည် 2025 Rolex Shanghai Masters တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဘယ်လ်ဂျီယံတင်းနစ်ကစားသမား Zizou Bergs အား ၆-၃၊ ၇-၅ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 Rolex Shanghai Masters တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဆားဘီးယားတင်းနစ်ကစားသမား Novak Djokovic နှင့် မိုနာကို တင်းနစ်ကစားသမား Valentin Vacherot တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(အောက်ပုံ)**

**(NGB)**



## တိုနာလီအား ခေါ်ယူရန် ဂျူဗင်တပ်အသင်း စိတ်ဝင်စား

**လန်ဒန် အောက်တိုဘာ ၁၀**

ဂျူဗင်တပ်အသင်းသည် နယူးကာဆယ်အသင်း ကွင်းလယ်ကစားသမား တိုနာလီအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် နယူးကာဆယ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲပေါင်း ၆၆ပွဲကစားပြီး ၇ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂျူဗင်တပ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

နယူးကာဆယ်အသင်းကလည်း တိုနာလီအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် ဂျူဗင်တပ်အသင်းအနေဖြင့် လာမည့်ဆောင်းရာသီဈေးကွက်တွင် နယူးကာဆယ်အသင်းထံမှ တိုနာလီအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ)(NGB)**




### ကမ္ဘာ့ဖလား ၂၀၂၆ အာရှဇုန် ခြေစစ်ပွဲ(စတုတ္ထအဆင့်)အုပ်စုအဆင့် ပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|---|---|
| ၁၁-၁၀-၂၀၂၅ စနေနေ့ | ည၁၁း၄၅နာရီ | A | ယူအေအီး - အိုမန် | ယူအေအီး ၁-၁ အိုမန် |
| ၁၂-၁၀-၂၀၂၅ တနင်္ဂနွေနေ့ | နံနက်၀၂း၀၀နာရီ | B | အီရတ် - အင်ဒိုနီးရှား | အင်ဒိုနီးရှား ၀-၂ အီရတ် |

### ကမ္ဘာ့ ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ (ဥရောပဇုန်) ခြေစစ်ပွဲ-အုပ်စုအဆင့် ပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | ပ-ကျော့ရလဒ် |
|---|---|---|---|---|
| ၁၁-၁၀-၂၀၂၅ စနေနေ့ | ည၇း၃၀နာရီ | K | လတ်ဗီးယား - အင်္ဂလန် | အင်္ဂလန် ၀-၁ လတ်ဗီးယား |
| ။ | ည၁၀း၃၀နာရီ | F | ဟန်ဂေရီ - အာမေးနီးယား | ——— |
| ။ | ။ | I | နော်ဝေ - အစ္စရေး | အစ္စရေး ၂-၄ နော်ဝေ |
| ၁၂-၁၀-၂၀၂၅ တနင်္ဂနွေနေ့ | နံနက်၀၁း၄၅နာရီ | E | ဘူလ်ဂေးရီးယား - တူရကီ | ——— |
| ။ | ။ | I | အက်စ်တိုးနီးယား - အီတလီ | အီတလီ ၅-၀ အက်စ်တိုးနီးယား |
| ။ | ။ | F | ပေါ်တူဂီ - အိုင်ယာလန် | ——— |
| ။ | ။ | K | ဆားဘီးယား - အယ်လ်ဘေးနီးယား | အယ်လ်ဘေးနီးယား ၀-၀ ဆားဘီးယား |
| ။ | ။ | E | စပိန် - ဂျော်ဂျီယာ | ——— |



## ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၄၃၈ ဧက စိုက်ပျိုးမည်

**ပွင့်ဖြူ အောက်တိုဘာ ၁၀**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၄၃၈ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၄၃၈ ဧက စိုက်ပျိုးရန် လျာထားပြီး နိုဝင်ဘာလမှ စတင်စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စားဖိုဆောင်သီးနှံ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည့် စိုက်ပျိုးရေးနည်းပညာနှင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့် ချိတ်ဆက်၍ ပံ့ပိုးကူညီပေးသွားမည် ဖြစ်သည်။

"စားဖိုဆောင်သီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သီးနှံများထွက်ရှိရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးနှင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

စားဖိုဆောင်သီးနှံအဖြစ် ခရမ်း၊ ကြက်ဟင်းခါး၊ ပန်းဂေါ်ဖီ၊ မုန်ညင်းစိမ်း၊ မုန်လာဥဖြူ၊ တိုင်ထောင်ပဲသီး၊ ကန်စွန်း၊ ဘူး၊ ဖရုံ၊ သခွား၊ ငရုတ်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ စသည့် သီးနှံများကို စိုက်ပျိုးသွားမည်ဖြစ်ကာ အဆိုပါ စိုက်ပျိုးမည့်သီးနှံများ အောင်မြင်ဖြစ်ထွန်းမှုရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။

စားဖိုဆောင်သီးနှံကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေတိုးပွားပြီး လူမှုစီးပွားမြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် စားဖိုဆောင်သီးနှံများကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။

(အပေါ်ပုံ)

(၄၄၅)

* - * - * - * - * - *

## ၂၀၂၅ခုနှစ် ရှမ်းပြည်နယ် ပထမအကြိမ်ဝူရှူး(ထောက်လှ)ဖိတ်ခေါ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

**တောင်ကြီး အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ ပြည်နယ်လေ့ကျင့်ရေး အားကစားကွင်း၌ ယနေ့ နံနက် ၈နာရီက ၂၀၂၅ ခုနှစ်၊ ရှမ်းပြည်နယ် ပထမအကြိမ်ဝူရှူး (ထောက်လှ) ဖိတ်ခေါ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အားကစားများ ယှဉ်ပြိုင်နေမှုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တက်ရောက်လာသူများက ကြည့်ရှုအားပေးသည်။




ထို့နောက် ပြည်နယ်စီးပွားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ပထမတံခွန်စိုက်ဆုရရှိသော ရှမ်းပြည်နယ်အသင်း၊ ဒုတိယ တံခွန်စိုက်ဆုရရှိသော ပဒေသာကလပ်အသင်း၊ တတိယ တံခွန်စိုက်ဆုရရှိသော မန္တလေးတိုင်းဒေသကြီးအသင်း၊ အမျိုးသမီးအငယ်တန်း အကောင်းဆုံးဆုရရှိသော မကွေးတိုင်းဒေသကြီးအသင်း၊ အမျိုးသားအငယ်တန်း အကောင်းဆုံးဆုနှင့် အမျိုးသမီးအကြီးတန်း အကောင်းဆုံးရရှိသော ရှမ်းပြည်နယ်အသင်း၊ အမျိုးသားအကြီးတန်း အကောင်းဆုံးဆုရရှိသော ပဒေသာကလပ် အသင်းများမှ အားကစားသမားများ၊ ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသော ကွင်းဆုအမျိုးသမီး အားကစားသမားများ၊ ချန်းဆု အမျိုးသား၊ အမျိုးသမီးအားကစားသမားများအား ဆုများအသီးသီး ချီးမြှင့်သည်။ (အပေါ်ပုံ)

အဆိုပါ ၂၀၂၅ ခုနှစ်၊ ရှမ်းပြည်နယ် ပထမအကြိမ်ဝူရှူး (ထောက်လှ)ဖိတ်ခေါ် ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ခုနစ်သင်း၊ အားကစားသမား ၁၂၆ ဦးတို့ ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

(၃၆၈)

## မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေး ထိုးနှံပေး



**သရက် အောက်တိုဘာ ၁၀**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မွေးကင်းစမှ အသက် တစ်နှစ်ခွဲအထိကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီက ပြည်တော်အေးရပ်ကွက် ဆင်ဖြူတော် ဘုရားကြီးမွှာရုံတွင် မြို့ပေါ် (၈)ရပ်ကွက်တွင် မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။

မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးရာတွင် အသက်နှစ်လအရွယ်ကလေးငယ်များကို ဘီစီဂျီ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်၊ ဆုံဆို့၊ ကြက်ညှာ၊ အသည်းရောင်အသားဝါ(ပထမအကြိမ်)၊ လေးလအရွယ်ကလေးငယ်များကို ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊အသည်းရောင်အသားဝါ (ဘီ)၊ ဦးနှောက်အမြှေးရောင် (ဒုတိယ)အကြိမ်၊(ခြောက်လ)တွင် (တတိယအကြိမ်) ထိုးနှံရပြီး အသက်ကိုးလမှာ ဂျပန်ဦးနှောက်ရောင်၊ဝက်သက်၊ဂျိုက်သိုး(ပထမ) အကြိမ်နှင့် အသက်တစ်နှစ်(ခွဲ)တွင် ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ) ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ်) ကာကွယ်ဆေးများကို စတုတ္ထအကြိမ်နှင့် ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေးများကို ဒုတိယအကြိမ် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

စော်ထက်(သရက်)

## စွန့်ပစ်ပစ္စည်းများမှတစ်ဆင့် ဈေးကွက်ဝင်လူသုံးကုန်ပစ္စည်းများထုတ်လုပ်

**မန္တလေး အောက်တိုဘာ ၁၀**

ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို အသုံးပြု၍ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချလျက်ရှိရာ စီးပွားရေးဈေးကွက်တစ်ခုအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

အဆိုပါစွန့်ပစ်ပစ္စည်းများတွင် ပလတ်စတစ်များ၊ စွန့်ပစ်အကြွင်းအကျန်များ၊ စက္ကူများ၊ အီလက်ထရောနစ် အပျက်အစီးများ စသည်ဖြင့် မျိုးစုံပါဝင်သည်။

"ပထမဆုံးအနေနဲ့ စွန့်ပစ်ပစ္စည်းများကို ဝယ်ယူပြီး စက်နဲ့ခုတ်ထစ်ပါတယ်။ အဲ့ဒီ ခုတ်ထားတာတွေကို အမျိုးအစားခွဲပြီး ကုန်ချောပစ္စည်းထုတ်လုပ်တဲ့ စက်ရုံနဲ့ ကော်စေ့ထုတ်လုပ်တဲ့ စက်ရုံတွေကို ပို့တယ်။ အဲ့ဒီစက်ရုံတွေက လူသုံးကုန်ပစ္စည်း အမျိုးမျိုးထုတ်လုပ်ပြီး ဈေးကွက်ထဲရောင်းချတယ်"ကော်ခုတ်စက်လုပ်ကိုင်သူတစ်ဦးက ပြောသည်။

စွန့်ပစ်ပစ္စည်းများမှတစ်ဆင့် ပီနံအိတ်၊ ရေသန့်ဘူး၊ ပလတ်စတစ်ကြိုးစသည့် လူသုံးကုန် ကုန်ချောပစ္စည်းမျိုးစုံ ထုတ်လုပ်ရောင်းချခြင်းဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု လျော့နည်းစေခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ကြောင်း သိရသည်။

စွန့်ပစ်ပစ္စည်းများကို ကော်ခုတ်စက်လုပ်ကိုင်သူများက အမျိုးအစားအလိုက် တစ်ပိဿာငွေကျပ် ၉၀၀ မှ ငွေကျပ် ၅၀၀၀ ဖြင့် ဝယ်ယူပြီး စက်ဖြင့်ခုတ်ထစ်ကြောင်း၊ တစ်ရက်လျှင် ခုတ်ထစ်ပြီး ပိဿာချိန် ၂၅၀၀ ကျော်ထွက်ရှိပြီး ကုန်ချောထုတ်လုပ်သည့် စက်ရုံများသို့ ပြန်လည်ရောင်းချကြောင်း သိရသည်။

(အောက်ပုံ)

စေလင်း(မန္တလေးနေ့စဉ်)



## စိုက်ပျိုးထားသော မိုးစပါးဧက ၃ သောင်းကျော် အောင်မြင်ဖြစ်ထွန်း

**ကျွန်းလှ အောက်တိုဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်တွင် စိုက်ပျိုးထားသော မိုးစပါး ဧက ၃ သောင်းကျော် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် မိုးစပါး ၃၄၀၉၉ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး ဧရာမင်း၊ မနောသုခ၊ ရွှေသွယ်ရင်၊ ချမ်းမြေ့မေနှင့် အောင်နိုင်တိုးစပါးမျိုးများ စိုက်ပျိုးကြကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (ယာပုံ)

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသရာသီဥတုနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ သင်တန်းများဖွင့်လှစ်ခြင်း၊ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ပိုးမွှားကင်းထောက်ခြင်း၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာအချိုးကျအချိန်ကိုက်သုံးစွဲခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။ (၃၉၄)



## မန္တလေးတောင်တော်ရှိ ဘုရား၊ စေတီ၊ ပုထိုးများပြုပြင်ရန် စေတနာရှင်များမှငွေများ လှူဒါန်း



**မန္တလေး အောက်တိုဘာ ၁၀**

ငလျင်ဒဏ်ကြောင့် ပျက်စီးယိုယွင်းသွားသော မန္တလေးတောင်တော်ရှိ ဘုရား၊ စေတီ၊ ပုထိုး၊ သိမ်၊ တန်ဆောင်း၊ ပြာသာဒ်များအား ဂေါပကအဖွဲ့မှကြီးမှူး၍ ပြန်လည်ပြုပြင်လျက်ရှိရာ စေတနာရှင်များက ငွေများ လာရောက် လှူဒါန်းလျက်ရှိသည်။

အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဒေါ်ခင်သင်းဝေမိသားစုက ငွေကျပ် ၁၂ သိန်း၊ မန္တလေးတိုင်းဒေသကြီး တရားသူကြီးချုပ် ဒေါ်လှမြင့် က ငွေကျပ် ၁၂ သိန်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်မိသားစုက ငွေကျပ် ၁၂ သိန်းတို့ကို လာရောက် လှူဒါန်းရာ မန္တလေးတောင်တော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ ဘဏ္ဍာရေးမှူးဦးသောင်းညွန့်နှင့် အဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုလွှာပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

ကုသိုလ်ရှင်များအနေဖြင့် သံ(၃ မူး)ဝ ဒသမ ၂၅တန်လျှင် ငွေကျပ် ၉၅၀၀၀၀နှုန်း၊ သံ(၃မူး) ၀ ဒသမ ၅တန် လျှင် ငွေကျပ် ၁၉၀၀၀၀၀နှုန်း၊ သံ ၃ မူး ၁ တန်လျှင် ငွေကျပ် ၃၈၀၀၀၀၀ နှုန်း၊ ဘိလပ်မြေ တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်း၊ ထုံး တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀ နှုန်း၊သဲတစ်ကျင်းလျှင် ငွေကျပ် ၄၀၀၀၀နှုန်းဖြင့် လည်းကောင်း၊ ချိုင်ကျောက်တစ်ကျင်းလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်း၊ ဘီကျောက်တစ်ကျင်းလျှင် ငွေကျပ် ၈၀၀၀၀ နှုန်း၊ အုတ်တစ်ချပ်လျှင် ငွေကျပ် ၃၅၀နှုန်း၊ ဆီဆေးတစ် ဂါလန်လျှင်ငွေကျပ် ၇၄၀၀၀ နှုန်း၊ ရေဆေးတစ်ဂါလန်လျှင် ငွေကျပ် ၄၅၀၀၀ နှုန်း၊ ရေဆေးတစ်ပုံးလျှင်ငွေကျပ် ၂၂၅၀၀၀ နှုန်း၊ 1" × 1" ကြွေပြားတစ်ချပ်လျှင် ငွေကျပ် ၄၅၀၀ နှုန်းတို့ဖြင့် မန္တလေးတောင်ဂေါပကအဖွဲ့ရုံးနှင့် ဆုတောင်းပြည့်ဘုရားရင်ပြင်၊ အလှူခံဌာနတို့တွင်လည်းကောင်း၊ ဂေါပကအဖွဲ့ ဖုန်း ၀၉-၇၈၇၆၅၉၇၇၅၊ ဖုန်း ၀၉-၄၄၁၀၃၈၈၇၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၀၄၅)

*-*-*-*-*-*




## ပို့ကုန်/သွင်းကုန်များလိုင်စင်ဝန်ဆောင်ခနှုန်းထားများ ပြောင်းလဲကောက်ခံမည်

ပို့ကုန်/သွင်းကုန်များနှင့် ပတ်သက်သည့် လိုင်စင်ဝန်ဆောင်မှုနှုန်းထားများကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်မှစတင်၍ ပြောင်းလဲကောက်ခံသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အသိပေးထားကြောင်း သိရသည်။

ပို့ကုန်/သွင်းကုန် လိုင်စင်ပြင်ဆင်ခွင့် လျှောက်ထားခြင်းများကို မြန်မာနိုင်ငံဆိပ်ကမ်းနှင့်လေဆိပ်သို့ ရောက်ရှိမလာမီ ကြိုတင်လျှောက်ထားရမည်ဟု ယင်းဝန်ကြီးဌာနအောက်ရှိ ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်/သွင်းကုန်သတင်းလွှာ(၆/၂၀၂၅) တွင် ပါရှိသည်။

"လိုင်စင်အပ်နှံပြီး ပြန်လည်လျှောက်ထားရာမှာ သက်တမ်းကုန်ဆုံးပြီး ၁၄ ရက် ကျော်လွန်မှ လျှောက်ထားမှုတွေကို လက်ခံဆောင်ရွက်ပေးမှာ မဟုတ်ပါဘူး။ ကုန်သွယ်မှုဝန်ဆောင်ခတွေကို အောက်တိုဘာ ၁၅ ရက်ကစပြီး ပြောင်းလဲကောက်ခံသွားမှာပါ"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

Tradente 2.0 စနစ် အသုံးပြုမှု၏ နှစ်စဉ်ကြေးအဖြစ် ငွေကျပ် ၅၀၀၀၀ ၊ အွန်လိုင်းဝန်ဆောင်မှုအဖြစ် ငွေကျပ် ၁၀၀၀၀၊ ပို့ကုန်လိုင်စင် သက်တမ်းတိုးမြှင့်ကြေး ပထမအကြိမ် သက်တမ်းတိုး နှစ်လအတွက် ငွေကျပ် ၅၀၀၀၀ ၊ ဒုတိယအကြိမ် သက်တမ်းတိုး တစ်လအတွက် ငွေကျပ် ၃၀၀၀၀ နှုန်းကောက်ခံသွားမည်ဟု သိရသည်။

ထို့အပြင် ပို့ကုန်/သွင်းကုန်လိုင်စင်ပါ အချက်များကို ပြင်ဆင်ပါက ပြင်ဆင်မှုတစ်ခုလျှင် ငွေကျပ် ၁၀၀၀၀ ၊ ပို့ကုန်/သွင်းကုန်လိုင်စင်အပ်နှံကြေး ၃၀၀၀၀ ၊ ပထမအကြိမ်နှင့် ဒုတိယအကြိမ် ပို့ကုန်လိုင်စင်ပါမစ်သက်တမ်းတိုးခြင်း၊ ပြင်ဆင်ခြင်းဒဏ်ကြေးမှာ သက်တမ်းကုန်ဆုံးသည့် ရက်မှ တစ်လအတွင်း ငွေကျပ် ၅၀၀၀ နှင့် သက်တမ်းကုန်ဆုံးရက်မှစပြီး တစ်လအထက် ငွေကျပ် ၁၀၀၀၀ သတ်မှတ်ထားကြောင်း၊ ပထမနှင့် ဒုတိယအကြိမ် သွင်းကုန်လိုင်စင်ပါမစ် သက်တမ်းတိုးခြင်း၊ ပြင်ဆင်ခြင်း၊ အပ်နှံခြင်းများတွင် ဒဏ်ကြေးမှာ သက်တမ်းကုန်ဆုံးရက်မှစ၍ တစ်လအတွင်း ငွေကျပ် ၅၀၀၀ နှင့် သက်တမ်းကုန်ဆုံးရက်မှစ၍ တစ်လနှင့်အထက် ငွေကျပ် ၁၀၀၀၀ ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)(မန္တလေးနေ့စဉ်-၉)**

## တစ်နိုင်တစ်ပိုင်မြေပဲဆီနှင့် နှမ်းဆီကြိတ်ခွဲခြင်းဖြင့် မိသားစုလုပ်ငန်းအဆင်ပြေလျက်ရှိ

**နတ်မောက် အောက်တိုဘာ ၁၀**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၌ ဆီထွက်သီးနှံများဖြစ်သည့် နှမ်း၊ မြေပဲနှင့်နေကြာများကို တစ်နှစ်ပတ်လုံး စိုက်ပျိုးကြရာ အဆိုပါဆီထွက်သီးနှံများကို ကြိတ်ခွဲပေးကြသည့် တစ်ပိုင်တစ်နိုင် ဆီကြိတ်စက်လုပ်ငန်းများ ဝင်ငွေကောင်း၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ယခုလို သီးနှံပေါ်ချိန်မှာဆိုရင် ဆီသန့်သန့်စားသုံးတဲ့ ပြည်သူများကို တစ်ပိုင်တစ်နိုင် ဆီကြိတ်ခွဲ ရောင်းချပေးပါတယ်။ မိမိမြေပဲ၊ နှမ်းနဲ့ လာရောက်ကြိတ်ခွဲရင် လုပ်အားခအဖြစ် မြေပဲ၊ နှမ်းတစ်တင်းကို ငွေကျပ် ၇၅၀၀ နှုန်းယူတယ်၊ မြေပဲဖတ်၊ နှမ်းဖတ်များကိုလည်း ပြန်ဝယ်ယူပေးပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။ မိမိမြေပဲ၊ နှမ်းများဖြင့် ဆီကြိတ်ခြင်းဖြင့် ဆီသန့်စားမည့်အပြင် ကျန်းမာရေးအတွက်လည်း ကောင်းမွန်ကြောင်း ဆီအရောင်းဆိုင်များတွင် နှမ်းဆီတစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀၀ နှုန်းနှင့် မြေပဲဆီတစ်ပိဿာကို ငွေကျပ် ၁၆၀၀၀ နှုန်း ပေါက်ဈေးရှိကြောင်း သိရသည်။

"မိမိမြေပဲ၊ နှမ်းကို ဆီကြိတ်စားခြင်းဖြင့် နှမ်းဆီကြိတ်ခွဲစက်ထောင်းထားတဲ့သူများလည်း လုပ်ရတဲ့အတွက်ကြောင့် မိသားစုလုပ်ငန်းလည်ပတ်နိုင်သလို ဝင်ငွေလည်းရတာပေါ့ဗျာ"ဟု နတ်မောက်မြို့ပေါ်ရှိ မြို့မရပ်ကွက်နေ ဆီကြိတ်ခွဲစက်ပိုင်ရှင်တစ်ဦးက ပြောသည်။

(ယာပုံ)(၄၆၅)

*-*-*-*-*-*



## ရတနာပုံတက္ကသိုလ်တွင် တက္ကသိုလ်ဝင်တန်း Grade-12 ကျောင်းသား၊ ကျောင်းသူများအတွက် တက္ကသိုလ်ဝင်လမ်းညွှန်ဘာသာရပ် မိတ်ဆက်ခြင်းအခမ်းအနား ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၀**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ်တွင် အမရပူရခရိုင်အတွင်းရှိ အခြေခံပညာကျောင်း (၇)ကျောင်း၊ အထက(ခွဲ)ကျောင်း (၅)ကျောင်းနှင့် ကိုယ်ပိုင်ကျောင်း တစ်ကျောင်းတို့မှ တက္ကသိုလ်ဝင်တန်း Grade-12 အတန်းများတွင် တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူတို့အား တက္ကသိုလ်ဝင်လမ်းညွှန်ဘာသာရပ်များအကြောင်း မိတ်ဆက်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါတက္ကသိုလ်ရှိ အားကစားခန်းမ-၂ ၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားတွင် ရတနာပုံတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာ တင့်မိုးသူဇာက "ပညာရေးဝန်ကြီးဌာနက နေပြီးတော့မှ Grade-12 ပညာသင်ကြားနေကြတဲ့ ကျောင်းသား၊ ကျောင်းသူတွေ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး တက္ကသိုလ်တွေတက်ရောက်တဲ့အခါမှာ သူတို့သင်ရမယ့် ဘာသာရပ်တွေဟာ ဘယ်လိုအကြောင်းအရာတွေကို သင်ယူပြီး ဘယ်လိုဘွဲ့တွေရမယ်ဆိုတာတွေ၊ ဒီလိုဘာသာရပ်မိတ်ဆက်ပွဲလေးကျင်းပပြုလုပ်ပေးခြင်းဖြင့် ဘယ်ဘာသာရပ်တွေက သူတို့ရဲ့ဝါသနာနဲ့ကိုက်ညီမယ်ဆိုတာတွေကို သိရှိသွားပြီးတော့မှ ပညာရပ်အသီးသီးရဲ့ တန်ဖိုးတွေကိုလည်း နားလည်သွားမှာဖြစ်ပါတယ်"ဟု အမှာစကားတွင် ထည့်သွင်းပြောကြားသည်။ **(အောက်ပုံ)**

၎င်းနောက် Yadanarbon University Documentary Video Click ကို ပြသခဲ့ပြီး ရတနာပုံတက္ကသိုလ်မှ ပါမောက္ခဆရာကြီး၊ ဆရာမကြီးတွေက အဆိုပါတက္ကသိုလ်တွင် အထူးပြု ဘာသာရပ်(၂၈)ခုတို့အား Power Point တို့ဖြင့် ဘာသာရပ်တစ်ခုခြင်းစီအလိုက် မိတ်ဆက်ရှင်းလင်းပြောကြားခဲ့ပြီးနောက် ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသော ဘာသာရပ်လမ်းညွှန် ပိုစတာဆိုင်းဘုတ်များအား စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုခဲ့သည်။



အဆိုပါအခမ်းအနားတွင် ရတနာပုံတက္ကသိုလ်မှပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်ဌာနအသီးသီးမှ ပါမောက္ခဌာနမှူးများ၊ ပါမောက္ခများ အမရပူရခရိုင်အတွင်းရှိ အထက ကျောင်း(၇)ကျောင်း၊ အထက (ခွဲ) (၅)ကျောင်း၊ ကိုယ်ပိုင်ကျောင်း တစ်ကျောင်းမှ ဆရာ၊ ဆရာမများ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း (၃၈၉) ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မန္တလေးနေ့စဉ်(၂)**

# လှုပ်လှုပ်ရှားရှား စီးပွားကုန်စည်



## ပို့ကုန်ပဲစင်းငုံ ဈေးမြင့်တက်ပြီး အဝယ်သွက်လာခြင်းနှင့်အတူ ပြည်တွင်းသုံးကုလားပဲအုပ်စု လိုက်ပါဈေးမြင့်တက်လာ

ပို့ကုန်ပဲစင်းငုံဈေး မြင့်တက်လာခြင်းနှင့်အတူ ပြည်တွင်းသုံး ကုလားပဲအုပ်စုလိုက်ပါ ဈေးမြင့်တက်ခြင်းကြောင်း ပဲ၊ နှမ်း ကုန်သည်များထံမှ သိရသည်။

သီတင်းကျွတ်ပိတ်ရက်များ နောက်ပိုင်း ပြည်တွင်း ငွေလဲနှုန်း မြင့်တက်လာခြင်းနှင့်အတူ ပို့ကုန် ပဲစင်းငုံမှာ တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀ ခန့် ဈေးပြန်လည်မြင့်တက်လာကြောင်း၊ ပို့ကုန်ပဲများနှင့်အတူ ပြည်တွင်းသုံး ကုလားပဲများလည်း လိုက်ပါဈေးမြင့်တက်ပြီး အဝယ်သွက်နေသော်လည်း ပဲမာလိုင်းများမှာ ပုံမှန်ဈေးကွက်သာ ရှိနေကြောင်း ပဲကုန်သည် ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံပိုင်ရှင်)က ပြောသည်။

"သီတင်းကျွတ်ပိတ်ရက်နောက်ပိုင်းမှာ ပဲဈေးကွက်က အမျိုးအစားအလိုက် ဈေးပြန်မြင့်တက်လာပါတယ်။ ပဲစင်းငုံက ဒေါ်လာဈေးမြင့်တက်လာသလို အိန္ဒိယနိုင်ငံရှိ ဝယ်လိုအားကလည်းရှိလာတော့ တစ်အိတ်ကို ယခင်အပတ်ထက် ငွေကျပ် ၂၅၀၀၀ ခန့် ဈေးပြန်တက်လာပါတယ်။ သူနဲ့အတူ ပြည်တွင်းသုံး ကုလားပဲကလည်း ပြည်တွင်းမှာ ပွဲတော်ကာလတွေဖြစ်တော့ အဝယ်လိုက်လာတယ်။ ပဲမာလိုင်းတွေကတော့ ပုံမှန်ဈေးကွက်အတိုင်းရှိနေတာပါ။ ဈေးလည်း မတက်သလို ဈေးတန်းကလည်း ကျဆင်းစရာမရှိတော့ပါဘူး"ဟု ၎င်းက ပြောသည်။

အောက်တိုဘာ ၉ ရက်တွင် ပို့ကုန်ပဲများမှ ပဲစင်းငုံဈေးမြင့်တက်လာရာ ပဲစင်းငုံ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀၊ မတ်ပဲပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀၊ ပဲတီစိမ်း(အညာ)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၀ အထိ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ အဝယ်သွက် ဈေးမြင့်တက်လာရာ V2 ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၄၇၀၀၀၊ V7 သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၃၂၀၀၀၊ 929ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၇၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ အောက်တိုဘာ ၉ ရက်တွင် ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၄၃၀၀၀၀၊ ကျွန်းစားတော်ပဲ(မျိုး) တစ်အိတ်လျှင် ငွေကျပ် ၇၄၀၀၀၀၊ ပဲနီပြာ(ကျွန်း) တစ်အိတ်လျှင် ငွေကျပ် ၅၃၀၀၀၀၊ ပဲထောပတ်(သစ်)တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀၊ စားတော်ပဲ(ကနေဒါ)တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀ ပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံဈေးကွက်မှာ အောက်တိုဘာ ၉ ရက်တွင် နှမ်းနက် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၇၃၀၀၀၀၊ နှမ်းဖြူ(ဂျပန်) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ နှမ်းဖြူ(ဗမာ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀၊ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၁၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၄၅၀၀၊ ပဲဖတ် တစ်ပိဿာလျှင် ငွေကျပ် ၅၂၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

မန္တလေးကုန်စည်ဒိုင်၏ ပဲ၊ နှမ်းပေါက်ဈေးများမှာ ပစ္စည်းအရည်အသွေးနှင့် ဝယ်လိုအား၊ ရောင်းလိုအားပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲဖြစ်နိုင်၍ ဈေးအတက်အကျကိုလည်း ကုန်သည်ပွဲစားများမှ ထိန်းသိမ်းကာ သတင်းထုတ်ပြန်မှုများကြောင့် နေ့စဉ်ပေါက်ဈေးများမှာ အပြောင်းအလဲရှိနိုင်ကြောင်း သိရသည်။

**ရွှေမန်း**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

-ဝ-ဝ-ဝ-ဝ-ဝ-



## ကာလတို စိုက်ပျိုးခြင်းဖြင့် ဝင်ငွေကောင်းမွန်သော သဘော်ပင်များ ပိုမိုစိုက်ပျိုးသင့်

ပြည်တွင်းစိုက်ပျိုးသူများ အနေဖြင့် စိုက်ပျိုးချိန်ကာလတိုပြီး ရောင်းချရာတွင်လည်း လွယ်ကူသည့် သဘော်ပင်များ ပိုမိုစိုက်ပျိုးသင့်ကြောင်း သဘော်ပင် စီးပွားဖြစ် စိုက်ပျိုးသူများထံက သိရသည်။

သဘော်ပင်မှာ စိုက်ပျိုးပြီး ခုနစ်လကျော်မှစတင်ကာ ခူးဆွတ်ရောင်းချနိုင်သည့် သီးနှံပင်ဖြစ်ခြင်း၊ ဈေးကွက်ကျယ်ပြန့်ပြီး ဝယ်ယူမှုကောင်းမွန်ခြင်း၊ မြန်မာနိုင်ငံအနှံ့အပြား မည်သည့်ဒေသတွင်မဆို စိုက်ပျိုးနိုင်ခြင်းနှင့် စိုက်ပျိုးကုန်ကျစရိတ်မှာလည်း အခြားသီးနှံအမျိုးအစားများထက် သက်သာခြင်းတို့ကြောင့် ပိုမိုစိုက်ပျိုးသင့်ကြောင်း သိရသည်။

ထိုင်ဝမ်မျိုးတွေကို မြန်မာနိုင်ငံ အနှံ့အပြားမှာ စိုက်ပျိုးလို့ရပါတယ်။ စိုက်ပျိုးပြီး ငါးလကြာရင် ပန်းတွေစပွင့်ပြီးတော့ ခြောက်လကြာမှာ အသီးစတင်သီးပါတယ်။ သုံးနှစ်သားအရွယ်အထိ အသီးအထွက်ကောင်းတဲ့ သီးနှံအမျိုးအစား ဖြစ်ပါတယ်။ တစ်ပင်ကို အသီးအနေနဲ့ အလုံး ၅၀ ကနေ ၁၀၀ ကြား သီးတယ်"ဟု သဘော်ပင် စိုက်ပျိုးသူတစ်ဦးက ပြောသည်။

သဘော်စိုက်ပျိုးရာတွင် အမပင်နှင့် လိင်စုံပင်တို့မှာ အသီးသီးခြင်းကြောင့် အဆိုပါအပင်များကို ရွေးချယ် စိုက်ပျိုးသင့်ကြောင်း၊ အမပင်ကိုစိုက်ပျိုးသင့်သော်လည်း အဖို၊ အမအပင်အား တစ်လခွဲနှင့် နှစ်လခွဲအချိန်မှသာ ခွဲခြားသိရှိနိုင်ခြင်းကြောင့် ပျိုးအိတ်ဖြင့် စနစ်တကျထားရှိကာ ရွေးချယ်စိုက်ပျိုးသင့်ကြောင်း သိရသည်။

"စိုက်ပျိုးရာမှာ အဖိုပင်ကို မစိုက်သင့်ပေမယ့် အဖိုပင်တစ်ပင် အမပင် အပင် ၂၀ စိုက်ပျိုးတဲ့ ပုံစံမျိုးနဲ့ စိုက်ပေးရတယ်။ ဒါမှ ဝတ်မှုန်ကူးတာတွေ လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ အဲ့ဒီလိုအချိန်မှ ရေတော့ လုံးဝ ဝပ်လို့မရဘူး။ ရေတော့ ဝနေအောင်လောင်းပေးဖို့တော့ လိုတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

လက်ရှိဈေးကွက်အတွင်း ထိုင်ဝမ်သဘော်မျိုးကို အများဆုံး ရောင်းချလျက်ရှိပြီး တစ်လုံးလျှင် လက်ကားဈေးနှုန်း ငွေကျပ် ၂၀၀၀-၂၅၀၀ ဝန်းကျင်ခန့်ဖြင့် ရောင်းချလျက်ရှိပြီး၊ နယ်ပယ်ဒေသအသီးသီးမှ ထွက်ရှိသော အသီးများကို မန္တလေး၊ ရန်ကုန်နှင့် အခြားသော မြို့ကြီးများသို့ တင်ပို့ရောင်းချမှုပြုလုပ်ကြကြောင်း သိရသည်။

**မန္တလေးနေ့စဉ်-ရ**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

## ပြည်တွင်း ထောပတ်သီးဈေးကွက်တွင် လာမည့် အောက်တိုဘာလလယ်ခန့်မှစတင်၍ ဈေးကောင်းရနိုင်

ပြည်တွင်း ထောပတ်သီးဈေးကွက်တွင် Hass ထောပတ်သီးများ ဈေးကွက်သို့ စတင်ဝင်ရောက်နေပြီဖြစ်သော်လည်း အောက်တိုဘာလလယ်နောက်ပိုင်းတွင် ဈေးကောင်းရလာတော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီနှစ်မှာ မိုးကောင်းတော့ ထောပတ်သီးက မနှစ်ကထက် အထွက်နှုန်းပိုလာပေမယ့် ရောဂါပိုးပြဿနာ နည်းနည်းတော့ ကြုံရတယ်။ ပြည်ပ မပို့နိုင်သေးပေမယ့်လည်း ပြည်တွင်းဈေးကွက်မှာ ဝယ်လိုအားကောင်းလို့ စိုက်ပျိုးတောင်သူတွေအတွက် ဈေးကွက်အာမခံချက်ရှိပါတယ်။ အခု လဆန်းပိုင်းမှာတော့ ဈေးကောင်းမရသေးဘူး"ဟု ၎င်းက ပြောသည်။

လက်ရှိ ထောပတ်သီးဈေးကွက်တွင် တစ်ကီလို ငွေကျပ် ၄၀၀၀ ဝန်းကျင်နှင့် ပရီးမီးယားအဆင့်ဆိုပါက ငွေကျပ် ၆၀၀၀ ရရှိကြောင်း၊ နယ်စပ်လမ်းကြောင်းမှ တင်ပို့သည့် ကုန်သည်များက တစ်ကီလိုလျှင် အရွယ်သေး၊ အလတ်၊ အကြီးရောရာကို ငွေကျပ် ၃၀၀၀-၃၅၀၀ ဖြင့်လည်းကောင်း၊ A-အဆင့် ဆိုပါက ငွေကျပ် ၄၀၀၀ နှင့် ပရီးမီးယားဆိုပါက ငွေကျပ် ၆၀၀၀ ဖြင့်လည်းကောင်း ဝယ်ယူနေကြောင်း သိရသည်။

"စင်ကာပူနိုင်ငံ ပို့ဖို့လုပ်နေတဲ့ ကုမ္ပဏီလည်း ရှိတယ်။ ပြည်ပကို တင်ပို့ရာမှာ ထောပတ်ဆီထုတ်ဖို့နဲ့ စားသုံးဖို့ပါ။ မြန်မာ ထောပတ်သီးက ကမ္ဘာ့ဈေးကွက်မှာ နေရာရရှိနေတဲ့အတွက် ပြည်တွင်းမှာ စိုက်ပျိုးသူ များလာတယ်။ ပြည်ပ တင်ပို့နိုင်ရင် ဈေးကွက်က ဒီထက် ပိုကောင်းလာနိုင်တယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထောပတ်သီးမှာ အရသာကောင်းမွန်ခြင်းနှင့် ဆေးဖက်ဝင်ခြင်းတို့ကြောင့် ပြည်တွင်းစားသုံးမှုမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာသည့်အတွက် ပြည်တွင်းဈေးကွက်တွင် အွန်လိုင်းမှလည်းကောင်း၊ ဈေးများတွင်လည်းကောင်း၊ ရပ်ကွက်အတွင်း လှည့်လည်၍လည်းကောင်း ရောင်းချလျက်ရှိကြောင်း သိရသည်။

**မန္တလေးနေ့စဉ်-ဇ**



## စာအုပ်ခင်ကဏ္ဍ

စာအုပ်အမည် - မန္တလေးတက္ကသိုလ်ရက်စဉ်သမိုင်း
စာရေးသူ - အောင်မြင့်ဦး(လူထု)
ထုတ်ဝေသည့်စာပေတိုက် - စိတ်ကူးချိုချိုစာပေ
တန်ဖိုး - ၁၅၀၀၀ ကျပ်
စာမျက်နှာ - ၂၀၀ မျက်နှာ
မျက်နှာဖုံးပန်းချီ - ဧကစာချို
ထုတ်ဝေသည့်ကာလ - ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ

သမိုင်းဆရာနီတွတ်၏ အမှာစာနှင့်အတူ မန္တလေးတက္ကသိုလ်ရာပြည့်အမီ ထွက်ရှိလာသော သုတေသနမှတ်တမ်းစာအုပ်ဖြစ်သည်။ စာရေးသူက "မန္တလေးတက္ကသိုလ်ရက်စဉ် သမိုင်း (၁၉၂၅-၁၉၇၅)"အဖြစ် ပထမ



ပိုင်း နှစ်ငါးဆယ်ကာလအား တွေ့မြင်ဖတ်ရှုရမည် ဖြစ်သည်။

ခေတ်အဆက်ဆက်မှ ထုတ်ဝေခဲ့သည့် သတင်းစာ၊ ဂျာနယ်၊ စာစောင်၊ မဂ္ဂဇင်း၊ လက်ရေးမူများ ကိုးကားရေးဖွဲ့ထားသည့် သမိုင်းစာအုပ်လည်းဖြစ်ရာ မန္တလေးတက္ကသိုလ်သမိုင်းကြောင်း လေ့လာသူများ လက်စွဲဖတ်ရှုသင့်သည့် စာအုပ်ဖြစ်သည်။ မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး) စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

၀-၀-၀-၀-၀-၀-၀

## ဖော်ညွှန်းသီ

စာအုပ်အမည် - ကိုယ်ပျောက်လူ
စာရေးသူ - မင်းယုဝေ
ထုတ်ဝေသည့်စာပေတိုက် - စိတ်ကူးချိုချိုစာပေ
တန်ဖိုး - ၆၀၀၀ ကျပ်
စာမျက်နှာ - ၁၂၆ မျက်နှာ
သရုပ်ဖော် - ကာတွန်း အောင်ရှိန်
ထုတ်ဝေသည့်ကာလ - ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (ဒုတိယအကြိမ်)



စာရေးသူဆရာမင်းယုဝေ၏ အမှာစာနှင့်အတူ ထွက်ရှိလာသည့် ကလေးလူငယ်စာပေ ရုပ်ပြဇာတ်လမ်းစာအုပ်ဖြစ်သည်။ ကမ္ဘာကျော်အင်္ဂလိပ်စာရေးဆရာကြီး အိပ်ဂျိဝဲ H.G Wells ၏ Invisible Man အမည်ရှိသိပ္ပံဝတ္ထုစာအုပ်ကို မြန်မာဘာသာပြန်ထားပြီး ကာတွန်းဆရာကြီး အောင်ရှိန်က သရုပ်ဖော်ရေးဆွဲထားသည်။

"တိုးတက်သော နိုင်ငံများတွင် ရုပ်ပြဇာတ်လမ်းများကို တွင်ကျယ်စွာ စီစဉ်ထုတ်ဝေကြပါသည်။ ဤသို့ ထုတ်ဝေရာ၌ ဂန္ထဝင်မြောက် ကမ္ဘာ့ဝတ္ထုကြီးများကို ရုပ်ပြဇာတ်လမ်းအဖြစ် ဖန်တီးတင်ဆက်သော စာအုပ်များမှာ လွန်စွာတန်ဖိုးရှိလှပါသည်။ ယင်းတို့သည် ကလေး လူငယ်များအား ဂန္ထဝင်မြောက် ဝတ္ထုကြီးများကို ငယ်စဉ်ကပင် မြည်းစမ်းခွင့်ရအောင် စွမ်းဆောင်နိုင်ပါသည်။

(အမှာစာမှ-)

ကလေးလူငယ်စာပေ ထွက်ရှိမှု ရှားပါးနေချိန် ထုတ်ဝေဖြန့်ချိထွက်ရှိလာသော တန်ဖိုးရှိ ရုပ်ပြဇာတ်လမ်းဖြစ်ရာ စိတ်ကူးချိုချို(မန္တလေး)စာအုပ်ဆိုင်နှင့် မန္တလေးစာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## ရင်ထဲက တက္ကသိုလ်

* တမာရနံ့
သင်းပျံ့ထုံဝေ
အညာမြေမှာ
ပညာပန်းများ
ပွင့်လန်းဖူးနေ
တက္ကသိုလ်မြေ။

* ဂုဏ်ရှိန်ကြီးမား
ဝင့်ကြွားထည်ဝါ
မန္တလာဆီက
ပညာဖြန့်ဝေ
တို့တစ်တွေများ
ကွန်းထောက်နားခို
မန်းတက္ကသိုလ်။

* တက္ကသီလာ
ကျောင်းတော်သာမှ
ပညာရှင်များ
မွေးဖွားခဲ့ပေ
ရာစုတွေပြောင်း
နှစ်ပေါင်း(၁၀၀)ပြည့်ခဲ့ပြီ။

* နှစ်များကြာညောင်း
မပြောင်းလဲပေ
ကျက်သရေတင့်တယ်
အလှကြွယ်ရာ
ကျောင်းတော်သာအား
မရောက်ဖြစ်တာ
နှစ်ရှည်ကြာလည်း
စိတ်မှာအမြဲ တမ်းတသည်
ရင်မှာအမြဲ လွမ်းလှသည်။ ။

ခိုင်ခန့်(အမရပူရ)

## ပန်းချီဆရာ မောင်မောင်လေး၏ THEN & NOW တစ်ကိုယ်တော် ပန်းချီပြပွဲ ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၁၀**

ပန်းချီဆရာ မောင်မောင်လေး၏ THEN & NOW အမည်ရ တစ်ကိုယ်တော် ပန်းချီပြပွဲကို အောက်တိုဘာ ၂၃ ရက်မှ ၂၇ ရက်အထိ ငါးရက်တိုင်တိုင် ပြင်ဦးလွင်မြို့၊ ရေချမ်းအိုးရပ်၊ သံလွင်လမ်းရှိ Symphony Gallery Cafe ၌ ကျင်းပမည်ဖြစ်သည်။

ပြပွဲသို့ မည်သူမဆိုဝင်ရောက်ကြည့်ရှုနိုင်ပြီး နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသမည်ဖြစ်ကြောင်း၊ ပန်းချီပြပွဲတွင် ဆီဆေး၊ Pastel အမျိုးအစားများဖြစ်ပြီး အရွယ်အစားအစုံ ၂၅ ကား ပြသသွားမည်ဖြစ်သည်။

ပန်းချီဆရာ မောင်မောင်လေးသည် မောင်မောင်လေး(ငွေလှိုင်း) အမည်ဖြင့် ဓာတ်ပုံ၊ ဗီဒီယိုများ ရိုက်ကူးခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင် မန္တလေးမြို့၌ တစ်ကိုယ်တော် ပန်းချီပြပွဲနှင့် ၂၀၀၁ ခုနှစ်တွင် ရန်ကုန်မြို့၌ အုပ်စုလိုက်ပြပွဲများ ပြသခဲ့သည်။

၎င်းအနေဖြင့် Impresstion လိုင်းကို ပိုပြီးရေးဆွဲသူဖြစ်သည်။ ယခုတစ်ကိုယ်တော်ပြပွဲတွင် ဆန်းသစ်သော ပန်းချီကားများ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

(ယာပုံ)

(၀၉၁)






## (၂၉) ကြိမ်မြောက် အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ ကျင်းပ

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၁၀**

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့ (၂၉) ကြိမ်မြောက် အခြေခံပညာအထက်တန်းကျောင်းကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မြို့နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူဟောင်းများက ပဉ္စဂုဏ် အပဟံ ဝန္ဒာမိ၊ အာစရိယဂုဏ် အပဟံဝန္ဒာမိ ဂါထာကို သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ခဲ့ပြီး ဆရာကြီး ဦးစိုးသိန်းက ပူဇော်ပွဲကျင်းပရခြင်း အကြောင်းနှင့် ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြကာ ကျောင်းသား၊ ကျောင်းသူဟောင်းများက လက်ဆယ်ဖြာထိပ်မှာမိုး၍ အာစရိယဝန္ဒနာ ကန်တော့ချိုးဖြင့် ညီညာဖြိုဖြို ဆရာကြီး၊ ဆရာမကြီးများကို ကန်တော့ကြသည်။

ဆက်လက်၍ ကန်တော့ခံ ဆရာမကြီးတစ်ဦးက ဆုံးမဩဝါဒစကားပြောကြားပြီးနောက် ကန်တော့ခံငွေနှင့် အမှတ်တရပစ္စည်းများကို လက်ဝယ်အရောက် ပေးအပ်ခဲ့ကြကာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများ ကိုယ်စား ဆရာကြီးတစ်ဦးမှ ဆုတောင်းမေတ္တာပို့သပေးခဲ့ကြောင်း သိရသည်။

(ယာပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

၀-၀-၀-၀-၀-၀



## ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် မာရီယာ ကိုရီနာမချာဒို ငြိမ်းချမ်းရေးနိုဘယ်ဆုရရှိ

ကာရာကတ် အောက်တိုဘာ ၁၀

ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် မာရီယာ ကိုရီနာမချာဒိုအား ၂၀၂၅ ခုနှစ် ငြိမ်းချမ်းရေးနိုဘယ်ဆု ပေးအပ်ရန် ယနေ့တွင် နိုဘယ်ဆုရွေးချယ်ရေးကော်မတီက ရွေးချယ်ခဲ့ကြောင်း သိရသည်။ မချာဒိုသည် လက်တင်အမေရိကဒေသရှိ အရပ်သားဘက်ဆိုင်ရာ စွမ်းရည်သတ္တိပြသခဲ့သည့် စံနမူနာပြုရမည့်သူဖြစ်ကာ ဗင်နီဇွဲလားနိုင်ငံသားများအတွက် ဒီမိုကရေစီအခွင့်အရေးများ ရရှိစေရေး ကြိုးပမ်းဆောင်ရွက်ခဲ့သူအဖြစ် ဂုဏ်ပြုကြောင်း နိုဘယ်ဆုရွေးချယ်ရေးကော်မတီက ပြောကြားသည်။ ၂၀၂၄ ခုနှစ်တွင်ကျင်းပသည့် ဗင်နီဇွဲလားရွေးကောက်ပွဲတွင် လက်ရှိသမ္မတ နီကိုးလက်စ်မဒူရို အနိုင်ရရှိခဲ့သည်။

မာချာဒို၏ ငြိမ်းချမ်းရေးဆိုင်ရာ စွမ်းဆောင်ချက်များကြောင့် ငြိမ်းချမ်းရေး နိုဗယ်ဆုကို ချီးမြှင့်ပေးအပ်ခြင်းဖြစ်ကြောင်း နိုဘယ်ဆုရွေးချယ်ရေးကော်မတီက ပြောကြားသည်။

ယခုမိမိရရှိခဲ့သည့် ငြိမ်းချမ်းရေးနိုဘယ်ဆုသည် ဗင်နီဇွဲလားပြည်သူများကို ကိုယ်စားပြုကာ ရရှိခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့ မိမိ၏ဆောင်ရွက်ချက်အပေါ် အသိအမှတ်ပြုသည့်အတွက် ဝမ်းမြောက်ကြောင်း ၎င်းက ပြောကြားသည်။

သို့ရာတွင် ဗင်နီဇွဲလားနိုင်ငံသားများအပေါ်ဖိနှိပ်သည့် အမေရိကန်၏ မူဝါဒအား ၎င်းက ကြိုဆိုခဲ့ခြင်းအပေါ် ထောက်ခံသူများက မေးခွန်းထုတ်နေသည့်အချိန်တွင် ယခုငြိမ်းချမ်းရေးနိုဘယ်ဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

ကိုးကား- အေပီ
ဘာသာပြန်-စိုးသူရ ■



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## မိုက်ခရိုဆော့ဖ်နှင့် ဉာဏ်ရည်တုဆိုင်ရာ အန်ထရိုပစ်ကုမ္ပဏီတို့တွင် ဝန်ကြီးချုပ်ဟောင်း ရိရှိဆူနတ် အကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့

လန်ဒန် အောက်တိုဘာ ၁၀

ဗြိတိန်ဝန်ကြီးချုပ်ဟောင်း ရိရှိဆူနတ်သည် နည်းပညာကုမ္ပဏီကြီး မိုက်ခရိုဆော့ဖ်နှင့် ဉာဏ်ရည်တု စတင်တည်ထောင်သော ကုမ္ပဏီဖြစ်သည့် အန်ထရိုပစ်တို့တွင် လုပ်ခရရှိသည့် အကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်များ ထမ်းဆောင်ခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အစိုးရအဖွဲ့ဝင်ဟောင်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်သည့် လွတ်လပ်သော အဖွဲ့အစည်းတစ်ခုဖြစ်သော စီးပွားရေးဆိုင်ရာ ခန့်အပ်မှုများအတွက် အကြံပေးကော်မတီက ဝန်ကြီးချုပ်ဟောင်းသည် ထိုကုမ္ပဏီများအတွက် ဝန်ကြီးများကို စည်းရုံးခြင်းမပြုရဟု သတိပေးခဲ့သည်။

ရစ်ချ်မွန်နှင့် နော့သာလာတန်နယ်ဆိုင်ရာ ပါလီမန်အမတ်အဖြစ် ဆက်လက်ရှိနေဆဲဖြစ်သည့် ဆူနတ်က "ကမ္ဘာ့ထိပ်တန်း နည်းပညာကုမ္ပဏီနှစ်ခုနှင့် လက်တွဲဆောင်ရွက်ရသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိကြောင်း" ပြောကြားခဲ့ပြီး ၎င်း၏ဝင်ငွေများကို ၎င်းတည်ထောင်ထားသည့် ပရဟိတအဖွဲ့အစည်းသို့ လှူဒါန်းရန် စီစဉ်ထားကြောင်း ပြောကြားခဲ့သည်။

၎င်း၏ ဝန်ကြီးချုပ်သက်တမ်းအတွင်း ဆူနတ်သည် နည်းပညာဆိုင်ရာ စည်းမျဉ်းသတ်မှတ်ရေးကို အရေးကြီးသော ဦးစားပေးကိစ္စအဖြစ် သတ်မှတ်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ဉာဏ်ရည်တုဘေးကင်းရေး ထိပ်သီးအစည်းအဝေးတစ်ရပ်ကို စီစဉ်ကျင်းပပေးခဲ့ကြောင်း သိရသည်။ Mon

## (၁၉)ကြိမ်မြောက် စင်ကာပူမော်တော်ယာဉ်ပြပွဲ အစီအစဉ်ကို လာမည့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် ပြန်လည်ကျင်းပမည်

စင်ကာပူ အောက်တိုဘာ ၁၀

စင်ကာပူ မော်တော်ယာဉ်ပြပွဲကို လာမည့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် ၎င်း၏ (၁၉)ကြိမ်မြောက် အစီအစဉ်အဖြစ် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဇန်နဝါရီ ၈ ရက်မှ ၁၁ ရက်နေ့အထိ ဆန်းတက်ခ် စင်ကာပူ ကွန်ဗင်းရှင်းနှင့် ပြပွဲစင်တာတွင် ကျင်းပမည့် စင်ကာပူမော်တော်ယာဉ်ပြပွဲ ၂၀၂၆ ၌ စတုရန်းမီတာ ၂၁၀၀၀ ကျော်ကျယ်ဝန်းသော နေရာတစ်လျှောက် မော်တော်ယာဉ် အမှတ်တံဆိပ် ၃၈ မျိုးကျော်ကို ပြသသွားမည်ဖြစ်သည်။

လာရောက်လည်ပတ်သူများသည် စင်ကာပူဈေးကွက်သို့ အသစ်ဝင်ရောက်လာမည့် မော်တော်ယာဉ် အမှတ်တံဆိပ်များအပြင် အော်ဒီ၊ ဘီအမ်ဒဗလျူ၊ ဘီဝိုင်ဒီ၊ ဟွန်ဒါ၊ ဟွန်ဒိုင်း၊ လက်ဆပ်စ်၊ မက်ဆီဒီးစ်-ဘင့်ဇ်၊ ဒမ်ဇာ(Denza)၊ ဇီးခါး၊ အိတ်စ်ပန်း၊ ဟောင်ချီ၊ စမတ်နှင့် အခြားသောထုတ်လုပ်သူများ၏ နောက်ဆုံးပေါ် မော်တော်ယာဉ်မိတ်ဆက်ပွဲများကို မြင်တွေ့နိုင်မည်ဖြစ်သည်။ Mon



## အင်ဒိုနီးရှားနိုင်ငံတစ်ဝန်းရှိ မြို့ပေါင်း ၃၃ မြို့တွင် အမှိုက်မှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရန် စီစဉ်ထား

ဂျာကာတာ အောက်တိုဘာ ၁၀

အင်ဒိုနီးရှားနိုင်ငံတစ်ဝန်းရှိ မြို့ပေါင်း ၃၃ မြို့တွင် အမှိုက်မှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရေးစီမံကိန်းများ တည်ဆောက်ရန် အစီအစဉ်အတွက် ရူပီယာ ၉၁ ထရီလီယံခန့် (အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၉ ဘီလီယံ) ရန်ပုံငွေ လိုအပ်နိုင်သည်ဟု ရင်းနှီးမြှုပ်နှံမှုဝန်ကြီး ရိုဆန်ရိုအက်စ်လာနီက အောက်တိုဘာ ၁၀ ရက်တွင် သတင်းထောက်များအား ပြောကြားခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ထိုအစီအစဉ်သည် နိုင်ငံအတွင်းရှိ အချို့ဒေသများတွင် အမှိုက်ပြဿနာကို ကိုင်တွယ်ဖြေရှင်းရန် ရည်ရွယ်ပြီး လာမည့်လတွင် မြို့ ၁၀ မြို့၌ စတင်ဆောင်ရွက်မည်ဟု ရိုဆန်က ရှင်းလင်းပြောကြားသည်။

နိုင်ငံတော် ကြွယ်ဝမှု ရန်ပုံငွေဖြစ်သည့် ဒန်နန်တာရာ၏ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ အကြီးအကဲလည်းဖြစ်သူ ရိုဆန်က "နေရာတစ်ခုတည်းမှာပင် စက်ရုံများစွာ ရှိနိုင်သည်"ဟု ပြောကြားခဲ့ပြီး နိုဝင်ဘာလအစောပိုင်းတွင် စတင်မည်ဟုလည်း ဆိုသည်။

ဦးစားပေးမြို့များတွင် ဂျကာတာမြို့ ပါဝင်ပြီး ထိုမြို့တွင် စက်ရုံနေရာ လေးနေရာမှ ငါးနေရာအထိ ပါဝင်မည်ဖြစ်သည်။ ထို့ပြင် ဂျာဗားနှင့် ဘာလီဒေသရှိ အခြားမြို့များလည်း ပါဝင်မည်ဟု ၎င်းက ပြောကြားခဲ့ဖူးကြောင်း သိရသည်။ Mon

## ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဒါဗောင်းပြည်နယ်ကမ်းလွန်၌ ၇ ဒသမ ၅ မဂ္ဂနီကျူအဆင့်ရှိ အင်အားပြင်းငလျင်လှုပ်

မနီလာ အောက်တိုဘာ ၁၀

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဒါဗောင်းပြည်နယ်ကမ်းလွန်၌ ၇ ဒသမ ၅ မဂ္ဂနီကျူအဆင့်ရှိ အင်အားပြင်းငလျင်တစ်ခု အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက လှုပ်ခဲ့ပြီးနောက် ဖိလစ်ပိုင်မီးတောင်နှင့် ငလျင်ဗေဒသိပ္ပံက မင်ဒနောင်းကျွန်းကမ်းခြေဒေသများအတွက် ဆူနာမီသတိပေးချက် ထုတ်ပြန်ခဲ့သည်။

အဆိုပါငလျင်သည် ယနေ့ (အောက်တိုဘာ ၁၀ ရက်) ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၃ မိနစ်တွင် မနေးမြို့ အရှေ့မြောက်ဘက် ၄၄ ကီလိုမီတာခန့် မြေအောက်အနက် ၂၀ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ကြောင်း သိရသည်။ ဖိလစ်ပိုင်မီးတောင်နှင့် ငလျင်ဗေဒသိပ္ပံ၏ ကနဦးသတင်းဖော်ပြချက်အရ ငလျင်၏ မဂ္ဂနီကျူသည် ၇ ဒသမ ၆ အဆင့်ရှိကြောင်း ဖော်ပြခဲ့သည်။

ကမ်းရိုးတန်းဒေသ၌ နေထိုင်သူများကို ကုန်းမြင့်ဒေသများသို့ ချက်ချင်းပြောင်းရွှေ့ရန်နှင့် ကမ်းခြေဒေသများမှ ဝေးရာတွင် နေထိုင်ကြရန် ဖိလစ်ပိုင်မီးတောင်နှင့် ငလျင်ဗေဒသိပ္ပံက လေးလေးနက်နက်အကြံပေးထားသည်။ ငလျင်ကြောင့် ၁ မီတာထက်ပိုသော အန္တရာယ်ရှိသည့် ဆူနာမီလှိုင်းလုံးများသည် ငလျင်ဗဟိုချက်အနီးရှိ နေရာများကို မိနစ်ပိုင်းမှ နာရီပိုင်းအတွင်း ရိုက်ခတ်နိုင်ကြောင်းလည်း သတိပေးထားသည်။

အာဏာပိုင်များသည် ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲငလျင်ငယ်များ လှုပ်ခတ်မှုနှင့် ပင်လယ်ရေမျက်နှာပြင်ပြောင်းလဲမှုကို ဆက်လက်စောင့်ကြည့်နေချိန်တွင် ငလျင်လှုပ်ခတ်မှုဖြစ်ပွားရာ ဒေသများအနီးတွင် ငလျင်သတိပေးချက်များ ထုတ်ပြန်ထားသည်။

အင်အားပြင်းငလျင်ကြောင့် အဆောက်အအုံများ အက်ကွဲပြိုကျခဲ့သော်လည်း သေဆုံးသူသတင်း ဖော်ပြချက်များ မတွေ့ရသေးချေ။ ဖိလစ်ပိုင်နိုင်ငံသည် ပစိဖိတ်မီးကွင်းတစ်လျှောက်တည်ရှိသည့် နိုင်ငံဖြစ်သောကြောင့် ငလျင်လှုပ်ခတ်မှုများ မကြာခဏ ဖြစ်ပွားလေ့ရှိသည်။



ယခုငလျင်သည် ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း ဆီဗူးပြည်နယ်ရှိ ဘိုဂိုနှင့် အနီးအနားရှိ ကျေးလက်မြို့များတွင် အင်အား ၆ ဒသမ ၉ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့ပြီး ၁၀ ရက်အကြာတွင် ဖြစ်ပေါ်ခဲ့သည့် ငလျင်ဖြစ်သည်။ ၎င်းငလျင်လှုပ်ခတ်မှုတွင် အနည်းဆုံး လူ ၇၂ ဦး သေဆုံးခဲ့ပြီး ၂၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# လူငယ်ဘဝနှင့် သတိပြုရမည့် သုရာမေရယ

ဘုန်းသန့်စင်

**လူငယ်ဘဝ**

အသက် ၁၅ နှစ်မှ ၂၄ နှစ်အကြား အချိန်ကာလကို လူငယ်ဘဝဟု ကုလသမဂ္ဂက သတ်မှတ်သည်။ သုတေသန သရုပ်ပြအဘိဓာန်လာ မြန်မာတို့၏ အရွယ်သုံးပါးခွဲခြားပုံကို လေ့လာကြည့်သည့်အခါ 'ပထမအရွယ် - အသက်၂၀ အတွင်း ဉစ္စာရကြောင်းနည်းကောင်းများကို ရှာမှီးရန်အရွယ်၊ ဒုတိယအရွယ် - အသက် ၅၅ နှစ်အထိ ပစ္စည်းဉစ္စာရှာဖွေရန်အရွယ်၊ တတိယအရွယ်-အသက်၅၅နှစ်ကျော်မှစ၍ ဘဝသံသရာရေးအတွက် ကိုယ်ကျိုးသက်သက် တရားမွေ့ရှာဖွေရန်အရွယ်'ဟုတွေ့ရသည်။ ပညာရှာရမည့် ပထမအရွယ်နှင့် ဉစ္စာရှာရမည့် ဒုတိယအရွယ်တို့တွင် အကျုံးဝင်သည့် လူငယ်ဘဝသည် အကူးအပြောင်းကာလဖြစ်သဖြင့် အလွန်အရေးကြီးသည်။ ပညာတစ်ပိုင်းတစ်စနှင့် ဘဝအတွက် မပြည့်စုံ ဖြစ်နေမည်ဆိုပါက ဘဝခရီးတစ်လျှောက်လုံး အတိဒုက္ခရောက်စေနိုင်သည့် အပိုင်းအခြားကာလပင်ဖြစ်သည်။

ကျမ်းဂန်များလာ အရွယ်ဆယ်ပါး ပိုင်းခြားမှုကို လေ့လာကြည့်သည့်အခါ 'မန္ဒအရွယ် - အသက် ၁၀နှစ်အတွင်း ပညာနုံ့နှေးသောအရွယ်၊ ခိဍ္ဍအရွယ် -အသက် ၂၀အတွင်း စိတ်ပျံ့လွင့်သောအရွယ်၊ ဝဏ္ဏအရွယ် - အသက် ၃၀ အတွင်း အဆင်းလှသောအရွယ်၊ ဗလအရွယ် - အသက် ၄၀အတွင်း အားကောင်းသောအရွယ်၊ ပညာအရွယ် - အသက် ၅၀ အတွင်း ပညာဉာဏ်ကောင်းသောအရွယ်၊ ဘာယနအရွယ် - အသက် ၆၀ အတွင်း အားအင်ဆုတ်ယုတ်သောအရွယ်၊ ပဗ္ဘာရအရွယ် - အသက် ၇၀အတွင်း လေးလံထိုင်းမှိုင်းသောအရွယ်၊ ကုဋ္ဋိလအရွယ် - အသက် ၈၀ အတွင်း ကိုင်းညွတ်သောအရွယ်၊ မူဠှအရွယ် - အသက် ၉၀အတွင်း တွေဝေမေ့မောသောအရွယ်၊ အနုဋ္ဌသေယျအရွယ် - အသက် ၁၀၀ အတွင်း မထသော အိပ်ခြင်းဖြင့် အိပ်တတ်သောအရွယ် ဟူ၍တွေ့ရသည်။

လူငယ်ဘဝ အရွယ်ကို ကြည့်သည့်အခါ စိတ်ပျံ့လွင့်သော အရွယ်အပိုင်းအခြား ပါဝင်နေသည်ကိုတွေ့ရသည်။ အရာရာကို စူးစမ်းလေ့လာသင်ယူလိုသည့် အရွယ်၊ စိတ်ပျံ့လွင့်တတ်ပြီး ခံစားချက်ကို ဦးစားပေးတတ်သည့် အရွယ်ပင်ဖြစ်သည်။ ထိုအရွယ်တွင် ဘဝအတွက် အမှန်တကယ်အရေးကြီးသည့် အရာများကိုသာ လုပ်ဆောင်သင့်သည်။ ဖွဲ့လမ်းခြင်းစိတ်ကလည်း ကြီးစိုးထားသည့် ခိဍ္ဍအရွယ်တွင် မကောင်းသည့် အရာများကို စမ်းသပ်သုံးစွဲမိပြီး ဖွဲ့လမ်းစိတ်ဝင်ကာ ဝဏ္ဏအရွယ်တွင် အဆင်း မလှ၊ ဗလအရွယ်တွင် ခွန်အားမရဖြစ်ရပြီး အရွယ်မတိုင်မီ နှုတ်ဆက်ရသည့်ဘဝမဖြစ်ဖို့ လိုသည်။

**သေရည် သေရက် လူကိုဖျက်၏**

နုနယ်ပျိုရွယ်သည့် လူငယ်ဘဝတွင် အရွယ်မတိုင်မီ ကြွေလွင့်ရသည့် အဖြစ်များနှင့် မကြုံရစေရေး သတိပြုရှောင်ရှားရမည့် အရာများစွာရှိသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မျိုးဆက်သစ် လူငယ်များ ကျန်းမာပျော်ရွှင်၍ တိုးတက်အောင်မြင်သောဘဝကို ပိုင်ဆိုင်နိုင်ရေးအတွက် လုပ်ဆောင်သင့်သည့်အချက်များကို ကျန်းမာရေး ရှုထောင့်မှ တင်ပြထားသည်ကိုတွေ့ရသည်။ ထိုအချက်များတွင် လူငယ်လူရွယ်များ၏ ဘဝလမ်းခရီးကို စမ်းတဝါးဝါးဖြင့် လမ်းမှားသို့ ရောက်ကာ စိတ်ရော ကိုယ်ပါ ကျန်းမာရေးကို ထိခိုက်စေသည့် 'အရက်သေစာ အဖျော်ယမကာနှင့် မူးယစ်စေတတ်သောအရာများ သောက်ရှုသုံးစွဲခြင်း' ကို ရှောင်ကြဉ်ရမည်ဟု အကြံပြုဖော်ပြထားသည်။ မိမိတို့ မြန်မာ အယူအဆတွင် လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် ကြိုးစားဆောင်ရွက်ရမည်ဆိုရာ၌ သေရည်သေရက်သောက်သုံး၍ လူလုံးမလှ ကျန်းမာရေး ချူချာနေသည့် ဘဝတွင် ရောက်နေရသည့် လူငယ်များအဖို့ 'ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ'စသည့် ဗလငါးတန်ပြည့်စုံရန်မဖြစ်နိုင်တော့ပေ။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သုတေသနပြု တင်ပြချက်အရ ၂၀၁၉ ခုနှစ်အတွင်း 'အရက်သေစာ၊ အဖျော်ယမကာနှင့် မူးယစ်စေတတ်သောအရာများ' သောက်ရှုစားသုံးခြင်းကြောင့် သေဆုံးရသည့် လူဦးရေမှာ ၂ ဒသမ ၆ သန်းခန့်ရှိသည်ဟုသိရသည်။ ထိုအထဲတွင် အသက် ၂၀ မှ ၃၉ နှစ်အကြား ကမ္ဘာ့မျိုးဆက်သစ် လူငယ်များ ၁၃ ရာခိုင်နှုန်းခန့် ပါဝင်နေသည်ကိုတွေ့ရသည်။ ကမ္ဘာကြီး၏ အနာဂတ်ကို သာယာလှပ တိုးတက်အောင် ကြိုးစားရမည့် လူငယ်များကိုယ်တိုင် မရှူမလှ ဘဝဇာတ်သိမ်းသွားကြသည်မှာ ကမ္ဘာကြီးအတွက် အားတက်စရာမဟုတ်ပေ။ ဆုတ်ယုတ်မှုတစ်ခုသာဖြစ်သဖြင့် လူငယ်မျိုးဆက်သစ်များ ဝေးဝေးရှောင်ထား၍ ဘဝအမှားများကို ကျူးလွန်ခြင်းမရှိစေရေး ကြိုးစားပေးရမည့် တာဝန်ရှိလာသည်။ သေရည်သေရက်ဆိုသော အရာသည် လူသားတို့အတွက် ကောင်းကျိုးမပြု ကျန်းမာရေး ဆိုးကျိုးကအစပြု၍ ဘဝပျက်သည်အထိဖြစ်စေတတ်သဖြင့် မြတ်စွာဘုရားရှင်က သုရာမေရယကို ကျူးလွန်ခြင်းမပြုကြဖို့ တားမြစ်ထားခြင်းဖြစ်သည်။

**စီးပွားပျက်စေသော လက်နက်**

'သေရည်နှင့် အရက်၊ စီးပွားဖျက်ကို ၊ တစ်စက်ကမျှ၊ မသောက်ကြနှင့်၊ ရှောင်ကြပါလေ၊ ရှင်တော်ဟောသည့် အဆိပ်ရည်' ဆိုသည်နှင့်အညီ သေရည်သေရက်သည် လူတို့၏ ခန္ဓာကိုယ်ကို နှိပ်စက်၍ ကျန်းမာရေးကို ထိခိုက်စေတတ်သည်ကို လူတိုင်းသိပြီးဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ တင်ပြချက်အရ သေရည်သေရက်က ပေးတတ်သော ရောဂါအမျိုးမျိုးမှာ ၉၆ ပါးမက ရောဂါအမျိုးအစားပေါင်း ၂၀၀ အထိ ရှိနေသည်ဟု သိရသည်။ ကျန်းမာသော ဘဝကို ပိုင်ဆိုင်နိုင်ခြင်းမရှိသည့်အခါ စီးပွားဥစ္စာကို ရှာဖွေရန် မဖြစ်နိုင်တော့ပေ။ ရှာဖွေစုဆောင်းထားမိသော စီးပွားဥစ္စာတို့သည်လည်း သေရည်သေရက်ကပေးသော 'အသည်းရောဂါ၊ နှလုံးရောဂါ၊ ကျောက်ကပ်ရောဂါ'စသည့် ကိုယ်တွင်းရှိသမျှ ကလီစာများကို ပြန်လည်ကုစားနိုင်ရေး ကြိုးစားခြင်းဖြင့် ဆုံးရှုံးရမည်သာဖြစ်သည်။ 'ကင်ဆာ'ကဲ့သို့သော ကုရနတ္ထိ ဆေးမရှိဆိုသော ရောဂါဆိုးများ ဖြစ်ပွားလာသည့်အခါ ငွေဖြင့်လည်းကယ်မရ အသက်ပါဆုံးရှုံးရဖြစ်တတ်သဖြင့် သေရည်သေရက်ကို သောက်သုံးခြင်းမပြုအပ်၊ ဆင်ခြင်အပ်ကြောင်း မြတ်စွာဘုရားရှင်က ဟောကြားခဲ့ခြင်းဖြစ်သည်။

သေရည်သေရက်သည် လူတို့၏ခန္ဓာကိုယ်အတွင်း ဝင်ရောက်သွားသည့်အခါ ကိုယ်တွင်း ကလီစာများကို တိုက်ခိုက်ဖျက်ဆီးပစ်ရသည်ကို အားမရ၊ ဦးနှောက်ကိုပင် မူးယစ်မေ့လျော့အောင် စွမ်းဆောင်နိုင်သည်။ ထိုသည်ကိုပင် သေရည်သေရက်က လူတို့အတွက် စိတ်ဓာတ်ကျမှုအပါအဝင် စိတ်ခံစားချက်များကို လျော့ပါးအောင် စွမ်းဆောင်နိုင်သည်ဟု အမှတ်မှားကာ အရက်သမားဘဝကို ခံယူလက်ခံသွားကြသည့် လူငယ်များ မဖြစ်ကြဖို့ လိုသည်။ မူးယစ်သောက်စား ပျော်ပါးတတ်သူ၏ စကားကို ယုံစားကာ မိမိ၏ ငွေကြေးအပါအဝင် စီးပွားရေးဆိုင်ရာကိစ္စများကို ယုံမှတ်ပုံအပ်မည့်မရှိနိုင်ပေ။ သို့ဖြစ်ရာ အမှားများစွာနှင့် အရက်သမားဘဝ ခံယူကြသည့် လူများသည် စီးပွားဥစ္စာ ဆုတ်ယုတ်ပျက်စီးတတ်ကြသည်သာဖြစ်သည်။ ပညာနှင့်ဥစ္စာကို ရှာဖွေစုဆောင်း၍ ဘဝလမ်းကြောင်း တိမ်းစောင်းခြင်းမရှိအောင် လျှောက်လှမ်းကြရမည့် လူငယ်မျိုးဆက်သစ်များအနေဖြင့် သုရာမေရယဆိုသည့် မူးယစ်မေ့လျော့စေတတ်သည့် အရက်သေစာနှင့် အဖျော်ယမကာတို့ကို တတ်နိုင်သမျှ ကြိုးစားရှောင်ရှားကြရမည်သာဖြစ်သည်။

**အပြစ်များ၍ ရှောင်ရှားကြစေလို**

မြတ်စွာဘုရားရှင် ဟောကြားပြသ ဆုံးမခဲ့သည့် ဂီဟိဝိနယ လူ့ဝတ်နည်းကျင့်ဝတ်များကို လေ့လာကြည့်သည့်အခါတွင်လည်း စည်းစိမ်ဥစ္စာပျက်စီးဆုတ်ယုတ်ခြင်း အကြောင်းတရား ခြောက်ပါးတွင် 'မူးယစ်မေ့လျော့ကြောင်းဖြစ်သော သေရည်သေရက်သောက်ခြင်း' အကြောင်းတရား တစ်ပါးပါဝင်သည်။ မူးယစ်မေ့လျော့၍ လူမှုဆက်ဆံရေး ပြေပြစ်ခြင်းမရှိသူကို ယုံမှတ်ပုံအပ်၍ စီးပွားဖက်အဖြစ် လက်ခံမည့်သူမရှိနိုင်ပေ။ မူးယစ်သောက်စားတတ်သူသည် မိတ်ဆွေအပေါင်းအသင်းနည်း၍ လူမှုဆက်ဆံရေးလည်း ပျက်စီးရသည်။ မြတ်စွာဘုရားရှင်က လောကလူ့ရွာ၌ မျိုးဆက်သစ်လူငယ်များ မိတ္တဗလပြည့်စုံကြစေရေး မိတ်ကောင်းဆွေကောင်းများကို ရှာဖွေပေါင်းသင်းရမည်ဟု ဟောကြားထားသည်။ လူငယ်များအနေဖြင့် သေသောက်ကြူး၌သာ အပေါင်းအဖော်ဖြစ်တတ်သည့် အပါယသဟာယမိတ်ဆွေတုများကို ရှောင်ရှားရမည်ဖြစ်သည်။

မြတ်စွာဘုရားရှင်က သိင်္ဂါလသတို့သားကို ဂီဟိဝိနယ(ခေါ်)လူ့ဝတ်နည်းကျင့်ဝတ်များကို ဟောကြားခဲ့ရာတွင် လူသားဘဝ တိုးတက်မှုကို ရယူလိုသူတိုင်းသည် လူ့ဘဝကို ဖျက်ဆီးတတ်သည့် အကျင့်စရိုက်များကို ရှောင်ရှားရမည်ဟု ဟောကြားခဲ့သည်။ လူ့ဘဝ၌ လူငယ်များအတွက် သတိပြုရှောင်ရှားသင့်သည့် အကျင့်စရိုက်များတွင် သေရည်သေရက်သောက်စားခြင်းဆိုသည့် အမူအကျင့်တစ်ခု ပါဝင်သည်။ 'မရှိဆင်းရဲသော၊ မွတ်သိပ်သော အကြင်အရက်သမားသည် သောက်လိုသည်ဖြစ်၍ အရက်ဆိုင်သို့သွား၏။ ထိုအရက်သမားသည် ရေ၌ ကျောက်ခဲနစ်မြုပ်သကဲ့သို့ ကြွေးမြီ၌နစ်မြုပ်လတ္တံ့။ မိမိ၏ဆွေမရှိ၊ မျိုးမရှိ အထီးကျန်သူအဖြစ် လျင်စွာပြုလတ္တံ့' ဟု သေရည်သေရက်သောက်စား၍ အရက်သမားဘဝ ရောက်နေရသူများ၏ အနာဂတ်ကို ရှင်းလင်းတိကျစွာဟောကြားပြသ ဆုံးမထားပြီးဖြစ်သည်။ 'ထန်းရည်မူး၊ ကျွဲခိုးပေါ်' ဆိုသည့် မြန်မာစကားပုံအတိုင်းပင် သေရည်သေရက် သောက်စားမူးယစ်သည့်အချိန်တွင် အရှက်တရားကင်းမဲ့ကာ မိမိ၏ လျှို့ဝှက်ထိန်းသိမ်းအပ်သည့်အရာများကိုပင် ထုတ်ဖော်ပြောကြားမိတတ်ကြသည်။ ခိုးသူသည် မိမိခိုးပါသည်ဟု ဝန်ခံလေ့မရှိသော်လည်း သေရည်သေရက်၏ ဆိုးကျိုးတန်ခိုးပြလိုက်သည့်အခါ မိမိခိုးပါသည်ဟု ဂုဏ်ယူဝံ့ကြွား ထုတ်ဖော်ပြောကြားတတ်သည်ကို ထောက်ပြခြင်းပင် ဖြစ်သည်။

**ဘုရားဟောသည့် မဇ္ဇပါနာစ သံယမော**

သေရည် သေရက် သောက်သုံးခြင်းဖြင့် လက်ငင်းဒိဋ္ဌခံစားရမည့် ဆိုးကျိုးများမှာ မရေတွက်နိုင်အောင်ပင်ဖြစ်သည်။ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးစသည့် လူ့ဘဝအတွက် အရေးကြီးသည့် အရာများကို ထိခိုက်စေသည့် သေရည်သေရက်ကို ရှောင်ကြဉ်အပ်သည်ကို လူငယ်များ သတိချပ်မိကြဖို့လိုသည်။ 'ဥစ္စာပစ္စည်း ဆုတ်ယုတ်တတ်ခြင်း၊ ခိုက်ရန်ဖြစ်ပွားတတ်ခြင်း၊ အနာရောဂါဖြစ်ပွားတတ်ခြင်း၊ အရှိန်အဝါမဲ့တတ်ခြင်း၊ လျှို့ဝှက်အပ်သည်ကို ဖော်ပြတတ်ခြင်း၊ ဉာဏ်ပညာအားနည်းတတ်ခြင်း'စသည့် အပြစ်ခြောက်ပါးကို အရက်သေစာသောက်စားသူသည် ခံစားရမည်သာဖြစ်သည်။ ဘဝခရီးလမ်းလျှောက်လှမ်းကာစ လူငယ်ဘဝကို ရယူပိုင်ဆိုင်ထားသည့် မျိုးဆက်သစ်များ ဘဝကို လမ်းဘေးနေ၊ လမ်းဘေးစား အရက်သမားဘဝဖြင့် မြင်ရမည်ဆိုပါက ဝမ်းနည်းစရာပင် ဖြစ်သည်။ ယနေ့ခေတ်တွင် အရက်သေစာနှင့် အဖျော်ယမကာတို့သည် အနံ့ပေါင်းစုံ၊ အရောင်အသွေးပေါင်းစုံ၊ အရသာပေါင်းစုံဖြင့် လူငယ်များကို ဖွဲ့ဆောင်နေကြပြီဖြစ်သည်။ ၃၈ ဖြာမင်္ဂလာ တရားတော်လာ 'မဇ္ဇပါနာစ သံယမော - မူးယစ်မေ့လျော့စေတတ်သည့် သေရည်သေရက် သောက်သုံးခြင်းကို ထာဝရရှောင်ကြဉ်ရခြင်း မင်္ဂလာ'နှင့် လူငယ်များ ပြည့်စုံကြဖို့လိုသည်။

'ထန်းရည်အရက်၊ တစ်ချက်ကိုကင်း၊ ဘိန်းဘင်းကစော် ၊ လော်စာသောက်စား၊ ပြုသူများ စီးပွားပျက်မည်သိ' ဆိုသည့်စကားနှင့်အညီ ပညာနှင့်စီးပွားဥစ္စာရှာဖွေရမည့် အရွယ်ကို ပိုင်ဆိုင်ထားသည့် လူငယ်များအနေဖြင့် သေရည်သေရက်ကို ရွံရှာမုန်းတီးတတ်ဖို့လိုမည်ဖြစ်သည်။ ပထမအရွယ်နှင့် ဒုတိယအရွယ်တို့သည် လောကလူ့ရွာတွင် ကျင်လည်နိုင်ရေး ပထမဦးဆုံးလှေကားထစ်ဖြစ်သည်။ ထိုအရွယ်များကို ပိုင်ဆိုင်ထားသည့် လူငယ်များသည် ဘဝလှေကားထစ်များထက်တွင် မူးယစ်မေ့လျော့၊ အားအင်ပျော့ကာ ရှေ့ဆက်မတက်နိုင်ဘဲ ပြုတ်ကျစေမည့် အရာများအနက် သေရည်သေရက်သည် ဘေးထွက်ဆိုးကျိုး အများဆုံးပင်ဖြစ်သည်။ လူဖြစ်ရှုံးကာ လူလုံးမလှ ဘဝပျက်ရသည်အထိ ဖြစ်တတ်သော သုရာမေရယကို ရှောင်ရှားနိုင်ကြပါစေကြောင်း ရည်ရွယ်တင်ပြလိုက်ရသည်။

**ကိုးကား**

- သုရာမေရယ-ပကာသနီကျမ်း(ဦးကျော်ရင်)၊ ၁၉၁၇။
- နေ့စဉ်ထုတ် သတင်းစာများ။



သရက်မြို့နယ် မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင် ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များသည် ထုံးတောင်ကျေးရွာအား မီးဘေးလုံခြုံရေးနှင့် မီးသတိပေးဆော်ဩခြင်းများ ယမန်နေ့က ဆောင်ရွက်စဉ်။ (ကဆ)

## ပခုက္ကူမြို့ပေါ်ရှိ ဟိုတယ်၊ မိုတယ်များ မီးဘေးလုံခြုံရေး ကွင်းဆင်းဆောင်ရွက်



**ပခုက္ကူ အောက်တိုဘာ ၁၀**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူ မြို့ပေါ်ရပ်ကွက်များရှိ ဟိုတယ်၊ မိုတယ်များ မီးဘေးလုံခြုံရေးအတွက် ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင်မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း၏ ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များက ပခုက္ကူ မြို့ပေါ်ရပ်ကွက်များရှိ ဟိုတယ်၊ မိုတယ်များသို့ ကွင်းဆင်း၍ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ စနစ်တကျထားရှိရေး၊ မီးသတ်ဆေးဘူးများ စနစ်တကျ ကိုင်တွယ်အသုံးပြုတတ်စေရေး၊ ရေကန်နှင့် ရေစင်များကို ရေအပြည့်ဖြည့်တင်းထားရှိရေးတို့ကို အသိပညာပေးဟောပြောခြင်း၊ လက်တွေ့ မီးငြိမ်းသတ်သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ) (၃၄၀)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးနှစ်ဦး သေဆုံး



**နေပြည်တော် အောက်တိုဘာ ၁၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးနှစ်ဦး သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၆ ရက် ည ၁၂ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ တော်ဝင်ရတနာလမ်းနှင့် ပဒုမ္မာလမ်းဆုံ၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ တော်ဝင်ရတနာလမ်းအတိုင်း စည်ပင်ဧည့်ရိပ်သာမီးပွိုင့်မှ ရွှေကြာပင်မီးပွိုင့်ဘက်သို့ ဒက္ခိဏသီရိမြို့နယ်၊ ထန်းတပင်ကျေးရွာနေသူများဖြစ်သည့် မဆုစန္ဒီထက်(၂၅)နှစ် မောင်းနှင်ပြီး မနှင်းဝေလှိုင်(၂၉)နှစ် လိုက်ပါလာသည့် ဆိုင်ကယ်သည် အခင်းဖြစ်နေရာအရောက်၌ တော်ဝင် ရတနာလမ်း၏ ဝဲဘက်ရှိ ပဒုမ္မာလမ်းသွယ်ဘက်သို့ ယာဉ်ကြောမရှင်းဘဲ ချိုးကွေ့မောင်းနှင်စဉ် တော်ဝင်ရတနာလမ်းအတိုင်း မျက်နှာချင်းဆိုင်ဘက်မှ ဒက္ခိဏသီရိမြို့နယ်၊ ထန်းတပင်ကျေးရွာနေ ဦးမျိုးနိုင်ဦး (၃၄)နှစ် မောင်းနှင်လာသည့် HILUX VIGO မော်တော်ယာဉ်နှင့် တိုက်မိခဲ့သဖြင့် အမျိုးသမီး နှစ်ဦးတွင် ထိခိုက်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သောကြောင့် ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၁)မြို့မရဲစခန်းက ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ အောက်တိုဘာ ၈ ရက် နံနက် ၇နာရီခွဲက ဘားအံမြို့နယ်၊ လှိုင်ကားကျေးရွာနေ စောအောင်စိုး(ခ)စောမောင်လေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၄င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀ ပြားအား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စောအောင်စိုး(ခ)စောမောင်လေး (၆၂)နှစ်အား သက်ဆိုင်ရာနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက်တွင် မီးလောင်မှုဖြစ်ပွား



**မန္တလေး အောက်တိုဘာ ၁၀**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၅၉လမ်း၊ ၃၉(ဒီ)လမ်းနှင့်၃၉(အီး)လမ်းတွင် ယနေ့ နံနက် ၇နာရီ ၃၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးငွေဝင်း၊ မဟာအောင်မြေမြို့နယ် မီးသတ်ဦးစီးမှူးဦးစီး၍ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် Level-1 ယာဉ်အုပ်စုဖြင့် ထွက်ခွာငြိမ်းသတ်ခဲ့ရာ နံနက် ၇နာရီ ၄၂မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး နံနက် ၇နာရီ ၄၆မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုနှင့်ပတ်သက်၍ မဟာအောင်မြေမြို့နယ်၊ အမှတ်(၉) မြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ) (ဝ၄၅)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း**
**ဘေးကင်းရန်ကွာ လွန်ချမ်းသာ။**

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့် အတူ အောက်တိုဘာ ၈ ရက် ည ၇ နာရီခန့်က ကျိုင်းတုံမြို့၊ အမှတ်(၂)ရပ်ကွက်တွင် လမ်းလျှောက်လာသူ စိုင်းဆွမ်ချိုင်းအား စစ်ဆေးရှာဖွေရာ ၄င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ အားလည်းကောင်း၊ အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီက ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ်၊ ဝမ်ပျန်းကျေးရွာအနီးတွင် လမ်းလျှောက်လာသူ အာကျား အား စစ်ဆေးရှာဖွေရာ ၄င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ ပြားအားလည်းကောင်း၊ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုင်းဆွမ်ချိုင်း(၃၀)နှစ်နှင့် အာကျား (၃၂) နှစ်တို့အား ကျိုင်းတုံမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(ယာပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**





## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၃)၊ ဦးပိုင်အမှတ်(၇၉)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးခင်မောင်အေး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သံဖရိန် (၂)ထပ်ခွဲ အဆောက်အအုံ၊ ပါဝါမီတာ၊ မီးမီတာ၊ ရေ+မီး(ဆက်လက်သုံးစွဲပိုင်ခွင့်) အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ကာ ရောင်းချခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူများဖြစ်သည့် ဦးကျူးဝင်ဟူး (ဘ)ဦးကျူးဟုန်ဟွ(၉/ပကခ(နိုင်)၀၃၉၈၂၄)နှင့် ဒေါ်မေရှိုင်းဦး(ဘ)ဦးတုံရုံရှန်(၉/ခမစ(နိုင်)၀၄၄၅၂၅)တို့မှ ကျွန်ုပ်တို့၏မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်တို့၏ မိတ်ဆွေကလည်း ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးအောင်ကိုလတ် (LL.B) ဒေါ်ဝါဝါကို (LL.B) ဦးအောင်ခိုင်ထွန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေများ**

**၃၈လမ်း၊ ၇၈လမ်းနှင့် ၇၉လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉–၂၀၃၄၄၄၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်(၈၈-၁၃)၊ ဦးပိုင်အမှတ်(၅၃-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၇၆)ဧက အကျယ်အဝန်းရှိ ဦးညီညီထွေး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ RC(၂)ထပ်ခွဲ အဆောက်အအုံ၊ ရေ+မီး၊ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာ အရံအပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်မိုး(ဘ)ဦးဘိုညို(၉/နထက(နိုင်)၀၂၈၃၂၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်နန်းကြူကြူသင်း**

**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်စင်ဝင်း ဒေါ်ဝင်းမို့မို့အောင် ဒေါ်မီမီဝင်းထွန်း**

**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ**

**၆၈လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ ။**

**ဖုန်း ၀၉–၄၀၂၇၄၀၈၇၅၊ ၀၉–၉၅၅၂၀၂၂၆**

## NEWSPAPER ADVERTISEMENT

**တင်ဒါခေါ်ယူခြင်း**

**အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးမှ ကားငှါးရမ်းခြင်းအတွက် ကားငှါးဝန်ဆောင်မှုလုပ်ငန်းများအား အောက်ပါတင်ဒါအတိုင်း တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။**

| အမည် | တင်ဒါ | တင်ဒါနောက်ဆုံးရက် |
|---|---|---|
| ၁။ | ကားငှါးရမ်းခြင်းအတွက် ကားငှါးဝန်ဆောင်မှုလုပ်ငန်းများအား ဖိတ်ခေါ် ခြင်း | ၃၀.၁၀.၂၀၂၅ (၁၇၃၀ နာရီ) |

၂။ စိတ်ဝင်စားသော အေဂျင်စီ/စီးပွားရေး လုပ်ငန်းများအား ကောင်စစ်ဝန်ချုပ်ရုံး၏ website www.cgimandalay.gov.in>Media Room> Tenders မှာ ဝင်ရောက်လေ့လာနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

**Tender Notice**

The Consulate General of India Mandalay invites bids for empanelment of agencies for Car Hiring as follows:

| S. No. | Tender | Last date of Tender |
|---|---|---|
| 1. | Expression of Interest for empanelment of agencies for Car Hiring | 30.10.2025 (1730 hrs) |

2. Interested agencies/firms are requested to visit Consulate's website ww.cgimandalay.gov.in>Media Room >Tenders, for viewing the Notice Inviting Tender (NIT).

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁၂)၊ ဦးပိုင်နံပါတ်(၁၃၄-ခ) ဟု ခေါ်တွင်သော မြေဧရိယာ(၀ · ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးမောင်ဝင်း(ခ)ဦးခင်မောင်ဝင်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်ခင်ဦး(ဘ)ဦးအိုက်နေ(၁၃/နဆန(နိုင်)၀၄၂၇၈၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

**ဒေါ်အေးစုထွန်း (LL.B,LL.M,DBL) ဒေါ်မာမာဌေး (LL.B)**

**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(B)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၄၀၂၆၀၆၀၄၁၊ ၀၉–၄၀၂၆၇၀၄၄၇**

**သင့်ဈေးဖြင့် အသက် ကယ်ပါ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၉)၊ ဦးပိုင်နံပါတ်(၁၄)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဒေါ်သောင်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးအိုက်ရီ(ခ)ဦးစိုင်းရွှေခမ်း(ဘ)ဦးအိုက်စိုင်း(၁၃/တကန(နိုင်)၁၄၇၇၁၂)နှင့် ဒေါ်နန်းအိမ်ယုံ(ဘ)ဦးအိုက်စိုင်း(၁၃/တကန(နိုင်)၁၈၂၃၁၈) တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ– ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M) ဒေါ်အေးနန္ဒာထွန်း (LL.B) ဒေါ်မာလာစိုး (LL.B) ဒေါ်ဖူးသန့်မွန် (LL.B)**

**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ် (၄၉၃/သရက်ကုန်းအရှေ့)အတွင်းရှိ ဦးကျော်မိုး၊ ဒေါ်တင်တင်ထွေးတို့ မူလပိုင်ဆိုင်ခဲ့သည့် မြေကွက် အတွင်းမှ လက်ရှိဝယ်ယူပိုင်ဆိုင်ထားသော အိမ်အမှတ်(၂၃၂)၊ မြေဧရိယာ(၀ ဒသမ ၀၅)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ထပ်တဲအိမ်၊ ရေ+မီး(ဆက်လက်သုံးစွဲပိုင်ခွင့်) အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိ ပိုင်ဆိုင်ကာ ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသူဟု အဆိုပြုသူ ဦးမျိုးအောင်(ဘ)ဦးလှအောင်(၁/မကန (နိုင်)၀၁၄၉၇၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများမှ ဝယ်ယူရန် သဘောတူညီပြီးဖြစ်ပါ၍ စရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှ စ၍ (၇)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ သက်ဆိုင်ရာ ရုံးအသီး သီး၌ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်နေ့ရက် ကျော်လွန်ပါက တရားဥပဒေ နှင့်အညီ အရောင်းအဝယ်ကိစ္စများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ – လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးတေဇာနိုင်၊ ဒေါ်သန္တာအေး**

**ဒေါ်စာနည်အောင် (LL.B) ဒေါ်သန်းသန်းဝင်း (LL.B) ဒေါ်အေးသီတာအောင် (LL.M)**

**တရားလွှတ်တော်ရှေ့နေများ**

**ဒေါ်အိမွန်ကျော်**

**အထက်တန်းရှေ့နေ**

**ဖုန်း ၀၉–၉၇၅၆၆၀၂၂၀**

❖ မိမိတို့သည် ဈေးကွက်တစ်ခုတည်းအား အလွန်အမင်း မှီခိုနေမှုကို လျှော့ချကြရမည်ဖြစ်...

❖ ကုန်သွယ်ဆက်ဆံရေးများကို ဒေသစုံနှင့် ဖြန့်ကြက်နိုင်စွမ်း မြှင့်တင်ကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၀

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။





အခမ်းအနားသို့ အမျိုးသား သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင် ပြည်ထောင်စု ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီး အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများက "၂၀၂၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ်ဂုဏ်ပြု" တေးသီချင်းဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က "အပြည်ပြည်ဆိုင်ရာ သဘာဝဘေး အန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့" အထိမ်းအမှတ် အခမ်းအနားကို ယခုနှစ်တွင် "Fund Resilience, Not Disasters" "ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရေး၊ သုံးစွဲဘဏ္ဍာတိုးမြှင့်ပေး" ဆောင်ပုဒ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစီရင်ခံစာအရ ၂၀၂၄ ခုနှစ်သည် အပူဆုံးနှစ်တစ်နှစ်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း၊ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် သဘာဝဘေးဖြစ်ပွားမှုကို လေ့လာရာတွင် ရေဘေးခံစားရနိုင်ခြေရှိသည့် လူဦးရေသည် ၁၉၇၀ ပြည့်နှစ်တွင် ၂၈ ဒသမ ၁ သန်းမှ ၂၀၂၀ ပြည့်နှစ်တွင် ၃၅ ဒသမ ၁ သန်းအထိ ၂၄ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ မိုးခေါင်ရေရှားဘေးသည် လွန်ခဲ့သည့် နှစ် ၂၀ ကျော်အတွင်း ၂၉ ရာခိုင်နှုန်းအထိ တိုးမြင့်ခဲ့ကြောင်း၊ အပူပိုင်းမုန်တိုင်းကြောင့် နှစ်စဉ်ခန့်မှန်းခြေ ဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၉ ဘီလီယံဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင်လည်း ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် လမ်း၊ တံတား၊ နေအိမ်၊ စာသင်ကျောင်းတို့အပြင် လျှပ်စစ်၊ ပို့ဆောင်ဆက်သွယ်ရေး စသည့် ကဏ္ဍပေါင်းစုံတွင် ထိခိုက်ပျက်စီးခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၇၉၇၉ ဘီလီယံကျော်ရှိခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင်လမ်းညွှန်မှု၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ငလျင်ဘေးအရေးပေါ် တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ် သဘာဝဘေးစီမံခန့်ခွဲမှု အဖွဲ့များ၊ ပြည်သူများ လက်တွဲညီစွာဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ခြေညွှန်းကိန်းအရ ထိခိုက်ဆုံးရှုံးနိုင်ခြေ အမြင့်မားဆုံးနိုင်ငံ ၁၀ နိုင်ငံအနက် ဆဋ္ဌမမြောက်နေရာတွင် ပါဝင်နေသဖြင့် သဘာဝဘေး လျော့ပါးရေး လုပ်ငန်းများကို ဦးစားပေးအဆင့်အနေဖြင့် အစဉ်တစိုက် အလေးထား လုပ်ဆောင်ကြရန် အလွန်အရေးကြီးကြောင်း၊ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းကို ထူထောင်ရာတွင် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍများ သာမက ဖွံ့ဖြိုးတိုးတက်မှုနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းတိုင်းသည် သဘာဝဘေး လျော့ပါးရေးဆိုင်ရာ အစီအမံများတွင် ရန်ပုံငွေကို ပိုမိုထည့်သွင်း ရင်းနှီးမြှုပ်နှံကြခြင်းဖြင့် ထိခိုက်ဆုံးရှုံးမှုကို လျော့နည်းအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် Mr. Antonio Guterres ၏ သတင်းစကားရုပ်သံနှင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် သဘာဝဘေးစီမံခန့်ခွဲမှု မှတ်တမ်းတင်ဗီဒီယိုတို့ကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းတို့က အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ၊ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြပြီး အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် ဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

## စက်တင်ဘာလအတွက် ပရီးမီးယားလိဂ်အကောင်းဆုံး နည်းပြဆုကို ဂလက်စ်နာ၊ အကောင်းဆုံးကစားသမားဆုကို ဟာလန်းတို့ အသီးသီး ဆွတ်ခူး

**လန်ဒန် အောက်တိုဘာ ၁၀**

ပရီးမီးယားလိဂ်မှာ လစဉ်လတိုင်းပေးအပ်ချီးမြှင့်လျက်ရှိသည့် စက်တင်ဘာလအတွက် အကောင်းဆုံး နည်းပြဆုကို ခရစ္စတယ်ပဲလေ့စ်အသင်းနည်းပြ ဂလက်စ်နာ၊ အကောင်းဆုံးကစားသမားဆုကို မန်စီးတီးအသင်း တိုက်စစ်မှူး ဟာလန်းတို့က အသီးသီး ဆွတ်ခူးခဲ့သည်။

နည်းပြ ဂလက်စ်နာသည် စက်တင်ဘာလအတွင်းတွင် ခရစ္စတယ်ပဲလေ့စ်အသင်းအား ပရီးမီးယားလိဂ် ပွဲစဉ် သုံးပွဲစလုံး နိုင်ပွဲရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ခရစ္စတယ်ပဲလေ့စ် အသင်းနည်းပြ ဂလက်စ်နာသည် ပရီးမီးယားလိဂ်တစ်လတာ အကောင်းဆုံးနည်းပြဆုကို နည်းပြဘဝမှာ ပထမဆုံးအကြိမ် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အကောင်းဆုံးကစားသမားဆု ရရှိခဲ့သည့် မန်စီးတီးအသင်းတိုက်စစ်မှူး ဟာလန်းသည်လည်း အသင်းနှင့်အတူ စက်တင်ဘာလအတွင်းတွင် ပရီးမီးယားလိဂ်ပွဲစဉ် သုံးပွဲကစားပြီး ငါးဂိုးသွင်းယူကာ ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်ခဲ့ပြီးနောက် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဟာလန်းသည် ပရီးမီးယားလိဂ် တစ်လတာ အကောင်းဆုံးကစားသမားဆုကို လေးကြိမ်မြောက် ဆွတ်ခူးခဲ့ခြင်းလည်းဖြစ်သည်။

(NGB)




## ၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲ အယ်လ်ဂျီးရီးယားအသင်း အောင်မြင်

**လန်ဒန် အောက်တိုဘာ ၁၀**

အာဖရိကဇုန်ကမ္ဘာ့ဖလား ခြေစစ်ပွဲ အုပ်စု(G)တွင် ကစားနေသည့် အယ်လ်ဂျီးရီးယားအသင်းသည် အုပ်စုပွဲစဉ် မပြီးဆုံးခင်မှာပင် ၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲ အောင်မြင်ခဲ့ပြီဖြစ်သည်။

အယ်လ်ဂျီးရီးယားအသင်းသည် အုပ်စု(G)တွင် ဆိုမာလီယာအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ခြေစစ်ပွဲ အောင်မြင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အယ်လ်ဂျီးရီးယားအသင်းသည် အုပ်စု(G) ပွဲစဉ် ၉ပွဲကစား အပြီးတွင် ရမှတ် ၂၂ မှတ်ဖြင့် အဆင့်တစ်နေရာတွင် ရပ်တည်ပြီး အဆင့်နှစ်နေရာမှ ယူဂန်ဒါအသင်းအား လေးမှတ်ထိ ဖြတ်ထားကာ ပြိုင်ပွဲပြီးဆုံးရန် တစ်ပွဲအလိုမှာပင် ခြေစစ်ပွဲ အောင်မြင်ခဲ့ခြင်းဖြစ်သည်။



အယ်လ်ဂျီးရီးယားအသင်းသည် အသင်းသမိုင်းတစ်လျှောက်တွင်လည်း ကမ္ဘာ့ဖလားသို့ (၅) ကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရရှိသွားမည်လည်းဖြစ်သည်။

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသင်းပေါင်း (၄၈)သင်းအထိ ပါဝင်ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ပြီး လက်ရှိအချိန်အထိ ခြေစစ်ပွဲ အောင်မြင်ထားသည့် အသင်းများမှာ ကနေဒါ၊ မက္ကဆီကို၊ အမေရိကန်၊ ဂျပန်၊ နယူးဇီလန်၊ အီရန်၊ ဥဇဘက်ကစ္စတန်၊ အာဂျင်တီးနား၊ ဘရာဇီး၊ ဩစတြေးလျ၊ ဂျော်ဒန်၊ အီကွေဒေါ၊ တောင်ကိုရီးယား၊ ကိုလံဘီယာ၊ ဥရုဂွေး၊ ပါရာဂွေး၊ မော်ရိုကို၊ တူနီးရှား၊ အီဂျစ်နှင့် ယခု အယ်လ်ဂျီးရီးယားအသင်းတို့ စုစုပေါင်းအသင်း ၂၀ အထိ ခြေစစ်ပွဲအောင်မြင်ထားသည်။ (NGB)